# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၀)၊ ၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း ၁ ရက် ၊ ၁၉-၁၂-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူ လူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး ဥမကွဲ သိုက်မပျက် တွဲလက်များညီညာပါက ပြည်ထောင်စုကြီးသည်လည်း အစွန့်ရှည်တည်တံ့ခိုင်မြဲနေမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူများနှင့် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျာ

ယနေ့ ခရစ်နှစ် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ(၁၉)ရက်၊ ကရင်သက္ကရာဇ် (၂၇၆၅)ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ပြာသိုလဆန်း(၁)ရက်နေ့သည် ကရင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အမြတ်တနိုးတန်ဖိုးထားသည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ယခုကဲ့သို့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခါသမယတွင် ကရင်တိုင်းရင်းသားများအပါအဝင် မိဘပြည်သူတိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ သို့ ☆

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပူတာအိုခရိုင် မချမ်းဘော့မြို့နယ်ရှိ ကောင်းမှုလုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညို

ပူတာအို ဒီဇင်ဘာ ၁၈

ကချင်ပြည်နယ် ပူတာအိုမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ်ရှိ ကောင်းမှုလုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုသည်။

စာမျက်နှာ ၄ သို့ ✳




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပူတာအိုခရိုင် မချမ်းဘော့မြို့နယ်ရှိ ကောင်းမှုလုံစေတီတော်အား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၁၈

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ ဒီဇင်ဘာ ၁၉ ရက် ၊ သောကြာနေ့ ။

မန္တလေး

## ဘက်ထရီလျှပ်စစ်စက်ခေါင်း အသုံးပြု၍ ပြင်ဦးလွင်ခရီးစဉ် စတင်ပြေးဆွဲပေးမည်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့်ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိသည်။

ရထားခရီးစဉ်ကို မန္တလေး-လားရှိုးလမ်းပိုင်းရှိ ဇီးပင်ကြီး-ပြင်ဦးလွင်-ဂုတ်ထိပ်လမ်းပိုင်းတွင် ပြည်တွင်းမှ ခရီးသွားလာမည့် ပြည်သူများ၊ နိုင်ငံခြားသားခရီးသွားလာသူများအား သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား လေ့လာကြည့်ရှုနိုင်မည်ဖြစ်သည်။ ရထားလမ်းခရီးရှိ ရေ၊ မြေတောတောင်သဘာဝရှုခင်းများ လေ့လာကြည့်ရှုနိုင်ရန်၊ ရှမ်းပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ဒေသန္တရဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ဇီးပင်ကြီး-ပြင်ဦးလွင်-ဇီးပင်ကြီးခရီးစဉ်အား ဘက်ထရီလျှပ်စစ်စက်ခေါင်း (BEL)အသုံးပြုပြီး အမှတ်(၁၃၁)အဆန်၊ ဇီးပင်ကြီး-ပြင်ဦးလွင်၊ အမှတ်(၁၃၂)အစုန် ပြင်ဦးလွင်-ဇီးပင်ကြီး ရထားခရီးစဉ်နှင့် RBE ရထားဖြင့် ဂုတ်ထိပ်(၁)ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်(၂) ဂုတ်ထိပ်-ပြင်ဦးလွင်ရထားခရီးစဉ်များကို ဒီဇင်ဘာ ၁၉ ရက်မှစတင်၍ အပတ်စဉ်စနေ၊ တနင်္ဂနွေရက်များတွင် ပြေးဆွဲပေးမည်ဖြစ်သည်။

ဘက်ထရီလျှပ်စစ်စက်ခေါင်းဖြင့် ပြေးဆွဲမည့် အမှတ်(၁၃၁) အဆန်ရထားသည် ဇီးပင်ကြီးဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ နံနက် ၇ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။

ထို့ပြင် ဂုတ်ထိပ်(၁) RBE ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင်ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိရပ်နားပြီး ဂုတ်ထိပ်(၂)RBEရထားသည် ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ ညနေ ၄ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

ပြင်ဦးလွင်မှ ဇီးပင်ကြီးသို့ ဆက်လက်လိုက်ပါလိုသည့် ခရီးသည်များအနေဖြင့် ပြင်ဦးလွင်ဘူတာမှ ညနေ ၄ နာရီ ၁၅ မိနစ်တွင်စတင်ထွက်ခွာမည့် အမှတ်(၁၃၂)အစုန် BEL ရထားဖြင့် ဆက်လက်လိုက်ပါနိုင်ပြီး ဇီးပင်ကြီးသို့ ညနေ ၆ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

ဇီးပင်ကြီး-ပြင်ဦးလွင်၊ ပြင်ဦးလွင်-ဇီးပင်ကြီး BEL ရထားခရီးစဉ်တွင် အထက်တန်းလူစီးတွဲတစ်တွဲ၊ ရိုးရိုးတန်းလူစီးတွဲနှစ်တွဲနှင့် ဘရိတ်တွဲတစ်တွဲပါရှိပြီး လက်မှတ်ခနှုန်းထားမှာ ဇီးပင်ကြီးမှ ပြင်ဦးလွင်အထိ ရိုးရိုးတန်း ကျပ် ၅၀၀၀ နှင့် အထက်တန်းကျပ် ၁၀၀၀၀ ဖြစ်သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်-ပြင်ဦးလွင် RBE ရထားခရီးစဉ်တွင် ခရီးသည် ၄၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ပြင်ဦးလွင်မှ ဂုတ်ထိပ်အထိ ကျပ် ၁၅၀၀၀ ဖြစ်ပြီး လမ်းခရီးတွင် ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချိုဘူတာများနှင့် ပြင်ဦးလွင်-ဇီးပင်ကြီးခရီးစဉ်၌ အနီးစခန်းနှင့် သုံးတောင်ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။

နောင်တွင် အပတ်စဉ်စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များ၌ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အဆိုပါ ပြင်ဦးလွင်-ဂုတ်ထိပ် အသွား၊ အပြန်ခရီးစဉ်အတွက် ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ RBE ရထား(တစ်စီးလုံး) ငှားရမ်းလိုပါက ၂၄ ဦး လိုက်ပါစီးနင်းနိုင်ပြီး အသွား၊ အပြန်ခရီးစဉ်အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ်ခုနစ်သိန်း နှစ်သောင်းကျသင့်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။


## နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၅၃ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
( ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် )

**နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဦးဝင်းမိုးခိုင်အား နေပြည်တော်ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

## အဝေးသင်သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်

**အဝေးသင်သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၆ ပညာသင်နှစ် ပထမနှစ်အဝေးသင်သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၉-၁၂-၂၀၂၅ ရက်နေ့မှ ၃၁-၃-၂၀၂၆ ရက်နေ့ထိလည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် အဝေးသင်သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၄-၂-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့ထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**


## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။



သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဒီဇင်ဘာ ၁၉ ရက်တွင် ကရင်နှစ်သစ်ကူးနေ့ရုံးပိတ်ရက် သက်သာဈေးရောင်းချခြင်းကို ရပ်နားထားမည်ဖြစ်သည်။ **(အောက်ဝဲပုံ)**

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

**မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ကရင်တိုင်းရင်းသားများနည်းတူ အနယ်နယ် အရပ်ရပ်ရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးသည် မိမိတို့၏ ကောင်းမြတ်သောအစဉ် အလာများကို အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်ပြီး အားလုံးအတူတကွ ဥမကွဲသိုက်မပျက် တွဲလက်များညီညာပါက ပြည်ထောင်စုကြီးသည်လည်း စည်းလုံးညီညွတ်မှုဖြင့် အစွန့်ရှည်တည်တံ့ ခိုင်မြဲနေမည်**

☆ ရှေ့ဖုံးမှ

ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်မင်္ဂလာ နေ့ထူးနေ့မြတ် အချိန်အခါကို ယခုလို နှစ်စဉ်ပြာသိုလဆန်း(၁)ရက်နေ့တွင် ပျော်ရွှင်ကြည်နူးစွာဆင်နွှဲကြပြီး ထိုနေ့ကို နိုင်ငံတော်အစိုးရက မြန်မာတစ်နိုင်ငံလုံး တရားဝင်ရုံးပိတ်ရက်အဖြစ် လေးစားဂုဏ်ပြုသတ်မှတ်ပေးထားပါသည်။ နှစ်သစ်ကူးနေ့ကို ကောင်းမြတ်သောနေ့၊ မင်္ဂလာရှိသောနေ့ဟု အဓိပ္ပာယ်ဖွင့်ကြပြီး နှစ်ဟောင်းကုန်၍ နှစ်သစ်ကို ကူးပြောင်းသည့် ကရင်နှစ်သစ်ကူးအချိန်အခါသမယမှသည် နှစ်သစ်အတွက် ကရင်တိုင်းရင်းသားတို့သည် စိတ်သစ်လူသစ်ဖြင့် လန်းဆန်းတက်ကြွနေမည်ဟု ယုံကြည်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် တစ်ဦးနှင့်တစ်ဦး ဓလေ့ထုံးစံများ မတူကွဲပြားခြားနားကြသော်လည်း တိုင်းရင်းသားမျိုးနွယ်စုအားလုံး မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် တစ်ဦးအပေါ်တစ်ဦး တန်ဖိုးထားလေးစား၍ ရင်းနှီးချစ်ကြည်စွာ အတူတကွ နေထိုင်လာခဲ့ကြပါသည်။ မွေးဖွားရာဇာတိ၊ နေထိုင်သည့် အရပ်ဒေသနှင့် ပြောဆိုသုံးနှုန်းသော ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်သည့်ဘာသာ၊ ဓလေ့ထုံးတမ်းအစဉ်အလာ စသည်ဖြင့် မည်သို့ပင်ကွဲပြားခြားနားစေကာမူ တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး ပြည်ထောင်စုကြီးအတွင်း စည်းလုံးညီညွတ်စွာ စုပေါင်းနေထိုင်လာခဲ့ကြပါသည်။

ကရင်တိုင်းရင်းသားများသည် မြန်မာနိုင်ငံဖွား တိုင်းရင်းသားများဖြစ်သည်နှင့်အညီ ကရင်ပြည်နယ်အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပျံ့နှံ့နေထိုင်လျက်ရှိကြပါသည်။ အထူးသဖြင့် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် များပြားစွာရှိနေကြပါသည်။ ကရင်တိုင်းရင်းသားတို့သည် သမိုင်းစဉ်တစ်လျှောက် တိုင်းရင်းသားအားလုံးနှင့် အေးအတူ ပူအမျှ စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြပါသည်။ ထို့ပြင် မိမိတို့နိုင်ငံ သူ့ကျွန်ဘဝကျရောက်ခဲ့စဉ်ကာလ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင်လည်း ကရင်တိုင်းရင်းသားတို့သည် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်အပြည့်အဝဖြင့် တိုင်းရင်းသားအားလုံးနှင့် အတူ အသက်သွေးချွေးတို့ စတေးပြီး တိုက်ပွဲဝင်ခဲ့ကြသည်ကို သမိုင်းက သက်သေတည်လျက်ရှိပါသည်။

ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်တွင် တည်ရှိပြီး သဘာဝအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်းများ၊ ရေတံခွန်စိမ့်စမ်းများ၊ မြင့်မားလှပသည့်တောင်တန်းများ၊ စိမ်းလန်းစိုပြည်သည့် သစ်တောများရှိပြီး ဇွဲကပင်တောင်၏ အလှသည် ကရင်ပြည်နယ်၏ အထင်ကရနေရာ အမှတ်အသားတစ်ခုအဖြစ် တည်ရှိနေပါသည်။ ကရင်တိုင်းရင်းသားတို့၏ ကိုယ်စားပြုယဉ်ကျေးမှု သင်္ကေတမှာ ဖားစည်နှင့် ကျွဲချိုဖြစ်ပြီး ကရင်ဒုံးအကသည် လူကြိုက်များသော အကဖြစ်၍ ပြည်တွင်းခရီးသွားမက ပြည်ပတွင်ပါ ထင်ရှားသော ကိုယ်ပိုင်ယဉ်ကျေးမှု အကတစ်ခုဖြစ်ပါသည်။ ကရင်မျိုးနွယ်စုအားလုံးသည် နှစ်သစ်ကူးပွဲ၊ အိမ်သစ်တက်ပွဲ၊ ကောက်သစ်စားပွဲ၊ လိပ်ပြာခေါ်ပွဲ၊ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာပွဲ စသည့် ဘာသာရေးဆိုင်ရာ ရိုးရာပွဲတော်များကို သတ်မှတ်ကာလအလိုက် ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ ပြုလုပ်ကျင်းပကြပါသည်။

ကရင်တိုင်းရင်းသားတို့သည် ပင်ကိုသဘာဝအရ ရိုးသားပြီး မာန်မာနကင်းစင်ကာ ပွင့်လင်းဖော်ရွေကြသူများ အေးချမ်းစွာ နေထိုင်သူများ ဖြစ်ကြပါသည်။ အလားတူ ရဲရင့်ပြတ်သားပြီး ကတိသစ္စာလည်း ကြီးမားကြပါသည်။ ကရင်တိုင်းရင်းသားများ၏ ဘိုးဘွားဘီဘင် အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသည့် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု အနုပညာ၊ ရိုးရာဓလေ့ထုံးတမ်းများ၊ သမိုင်းအမွေအနှစ်များကို အစဉ်အလာအတိုင်း လက်ဆင့်ကမ်းဆက်လက်ထိန်းသိမ်းကြရန် တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ကရင်တိုင်းရင်းသားများနည်းတူ အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးသည် မိမိတို့၏ ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်ပြီး အားလုံးအတူတကွ ဥမကွဲသိုက်မပျက် တွဲလက်များညီညာပါက ပြည်ထောင်စုကြီးသည်လည်း စည်းလုံးညီညွတ်မှုဖြင့် အစွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျာ**

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှု အမွေဆိုးကြောင့် တိုင်းရင်းသားညီနောင်များ အချင်းချင်း အထင်အမြင်လွဲမှားကာ ကရင်ပြည်နယ်အတွင်းတွင်လည်း လက်နက်ကိုင်ပဋိပက္ခများဖြင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့သည်မှာ ယခုတိုင်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအဆက်ဆက်အနေဖြင့် နိုင်ငံတော်ထာဝရငြိမ်းချမ်းရေးကို ကြိုးစားဆောင်ရွက်ခဲ့ကြသော်လည်း လွဲမှားသည့် အတွေးအခေါ်အယူအဆများနှင့် နိုင်ငံနှင့် တိုင်းရင်းသားပြည်သူများအားလုံးအကျိုးထက် ကျဉ်းမြောင်းသည့် ကိုယ်ကျိုးအတ္တများကို ရှေ့တန်းတင်နေကြခြင်းကြောင့် လက်နက်ကိုင် ပဋိပက္ခများနှင့် ဆူပူအကြမ်းဖက်မှုများသည် ယနေ့ကာလအထိ ရှည်ကြာနေပြီး မိဘပြည်သူတိုင်းရင်းသားများ ဆင်းရဲဒုက္ခမျိုးစုံကြုံတွေ့နေရသည်မှာ ဝမ်းနည်းဖွယ်ရာ ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် နိုင်ငံ၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးပြီး လက်တွဲပူးပေါင်း ဆောင်ရွက်ခဲ့ကြပါသည်။ သို့သော်လည်း အချို့မှာ အမှန်အတိုင်း ရှုမြင်ဆင်ခြင်သုံးသပ်ခြင်းမရှိဘဲ လမ်းမှားပေါ်၌ပင် လျှောက်လှမ်းနေဆဲဖြစ်နေကြရာ နိုင်ငံနှင့်ပြည်သူ့အကျိုးကို ရှေးရှုလျက် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းကြပါရန် အသိပေးတိုက်တွန်းလိုပါသည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုကို ထာဝရကြိုဆိုလျက်ရှိပြီး အစဉ်အမြဲ တံခါးဖွင့်ထားပါကြောင်း ထပ်မံအသိပေးဖော်ပြအပ်ပါသည်။

**နိုင်ငံတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရှိလာ စေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲများကြားမှ ပိုမိုကြိုးစားဆောင်ရွက်သွားမည်သာ ဖြစ်ပါသည်။ ထို့ပြင် "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက် ရေး"ဟူသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်နှင့်အညီ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေပြီဖြစ်ပါသည်။ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးနှင့် သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူ အားလုံးကလည်း ရွေးကောက်ပွဲကြီးအောင်မြင်ရေး ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်**

နိုင်ငံတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရှိလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲများကြားမှ ပိုမိုကြိုးစားဆောင်ရွက်သွားမည်သာဖြစ်ပါသည်။ ထို့ပြင် **"ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး"** ဟူသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်နှင့်အညီ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေပြီဖြစ်ပါသည်။ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးနှင့် သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူအားလုံးကလည်း ရွေးကောက်ပွဲကြီး အောင်မြင်ရေး ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်စေရေး၊ လူတိုင်းကျန်းမာရေးကောင်းမွန်စေရေး၊ ပညာရေးကောင်းမွန်ပြီး အလုပ်အကိုင်များ ရရှိကာ လူတိုင်းဝင်ငွေရရှိစေရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်စေရေး တို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို ကရင်ပြည်နယ်အပါအဝင် နိုင်ငံနှင့်အဝန်း ရည်မှန်းချက်များချမှတ်ပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်စေရေး စသည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ တိုးတက်အောင်မြင်မှုရရှိစေရန် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများကို နည်းပညာနှင့် ပေါင်းစပ်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိပြီး နိုင်ငံ့စီးပွားရေးကို တိုးတက်စေမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်သည် စီးပွားရေးအတွက် အခြေခံကောင်းသည့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့် ဒေသဖြစ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ အဆင်ပြေတိုးတက်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးမှုနှင့် နိုင်ငံ့စီးပွားတိုးတက်မှုလည်း များစွာအထောက်အကူဖြစ်နိုင်ကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျာ**

ယနေ့ နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝများ တိုးတက်ရေးတို့အတွက် ကရင်ပြည်နယ်မှ ကရင်တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အပါအဝင် မိမိတို့နေထိုင်ရာဒေသများအတွင်း လက်နက်ကိုင်ပဋိပက္ခများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာစေရန် အချင်းချင်း ဝိုင်းဝန်းဆောင်ရွက်ပြီး တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်ကြီးအား စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်

*** ရှေ့ဖုံးမှ**

ဦးစွာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကောင်းမှုလုံစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး စေတီတော်အား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် စေတီတော်၏ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး စေတီတော်ဘက်စုံပြုပြင်မွမ်းမံ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ကောင်းမှုလုံ စေတီတော်သည် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကောင်းမှုလုံကျေးရွာအနီး မလိခမြစ်၏ အရှေ့ဘက်ကမ်း၌ ကျော်ဇောထင်ရှားသပ္ပာယ်စွာတည်ရှိပြီး သာသနာသက္ကရာဇ် ၂၄၄၄ ခုနှစ် သီရိမဓ္ဓာ သောကမင်းကြီး လက်ထက်တွင် မြတ်စွာဘုရား၏ ဓာတ်တော်သုံးဆူကို ဌာပနာသွင်း၍ တည်ထား ကိုးကွယ်ခဲ့ကြောင်း၊ စေတီတော်သည် ပူတာအိုဒေသတွင် အရွယ်အစားနှင့် ဉာဏ်တော်အမြင့်ဆုံးဖြစ်ပြီး မြန်မာနိုင်ငံ၏ မြောက်ဖျားအစွန်းတွင် ရှေးခေတ်အဆက်ဆက်မှ ယခုခေတ်ကာလတိုင်အောင် ဗုဒ္ဓသာသနာတော်တည်တံ့ထွန်းကားပြန့်ပွားဆဲဖြစ်သည်ဆိုသည့် မော်ကွန်းအထိမ်းအမှတ်သဖွယ် တည်ရှိနေတော်မူခြင်းဖြစ်ကြောင်း သိရသည်။

**ရင်းရင်းနှီးနှီး တွေ့ဆုံ**

မွန်းလွဲပိုင်းတွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မချမ်းဘော့တပ်နယ်နှင့် ပူတာအိုတပ်နယ်တို့ရှိ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များကို လိုက်လံကြည့်ရှုပြီး အိမ်ထောင်သည်ရဲမေများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ရဲမေများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မချမ်းဘော့တပ်နယ်နှင့် ပူတာအိုတပ်နယ်တို့ရှိ အိမ်ထောင်သည်အမျိုးသမီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်စဉ်။

## ဒုတိယအကြိမ်မြောက် အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းဆိုင်ရာလေ့ကျင့်ခန်း(2nd ASEAN-US Maritime Exercise - 2nd AUMX) သို့ တက်ရောက်ခဲ့သော တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား) ပြန်လည်ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၈

အင်ဒိုနီးရှားနိုင်ငံ ဘာတန်မြို့၌ ဒီဇင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ်မြောက် အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းဆိုင်ရာလေ့ကျင့်ခန်း (2nd ASEAN-US Maritime Exercise – 2nd AUMX) သို့ တက်ရောက်ခဲ့သည့် တပ်မတော်(ရေ)မှ ဗိုလ်မှူးကြီး ခွန်အောင်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များ ပါဝင်သည့် စစ်ရေယာဉ် (ကျန်စစ်သား) သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုတို့က ကြိုဆိုနှုတ်ဆက်ကြသည်။



**ရောက်ရှိ**

ဒုတိယအကြိမ် အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းဆိုင်ရာ လေ့ကျင့်ခန်းသို့ တက်ရောက်ရန်အတွက် စစ်ရေယာဉ်(ကျန်စစ်သား) သည် ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာခဲ့ရာ အင်ဒိုနီးရှားနိုင်ငံ ဘာတန်မြို့သို့ ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဘာတန်မြို့သို့ရောက်ရှိစဉ် ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်များသည် လေ့ကျင့်ခန်းဆိုင်ရာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း၊ လေ့ကျင့်ခန်း အမျိုးအစားအလိုက် ပင်လယ်ပြင်လက်တွေ့လေ့ကျင့်မှုများ အတွက် အကြိုညှိနှိုင်းခြင်း၊ Table Top Exercise ပြုလုပ်ခြင်း၊ ကျွမ်းကျင်သူများ အတွေ့အကြုံဖလှယ်မှုများ ပြုလုပ်ခြင်း (Subject Matter Expert Exchange)၊ ပျော်ရွှင်ဖွယ် အားကစားပြိုင်ပွဲ (Fun Game) များသို့ ပါဝင်ယှဉ်ပြိုင်ကစားခြင်း၊ ညစာစားပွဲ အခမ်းအနားများသို့ တက်ရောက်ခြင်းနှင့် အင်ဒိုနီးရှားနိုင်ငံ ဘာတန်မြို့တွင်းလေ့လာရေး ခရီးစဉ် သွားရောက်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**ဆောင်ရွက်**

စစ်ရေယာဉ် (ကျန်စစ်သား) သည် ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ဘာတန်မြို့မှ လေ့ကျင့်ခန်းဧရိယာသို့ထွက်ခွာခဲ့ပြီး ဒီဇင်ဘာ ၁၃ ရက်အထိ အာဆီယံ-အမေရိကန် ပင်လယ် ရေကြောင်းဆိုင်ရာ ပင်လယ်ပြင် လေ့ကျင့်ခန်းများကို အင်ဒိုနီးရှားနိုင်ငံ ဘာတန်ကျွန်း အရှေ့မြောက်ရေပြင်တွင် ဆောင်ရွက်ခဲ့သည်။ လေ့ကျင့်ခန်းဧရိယာအတွင်း စစ်ရေယာဉ်များ ပုံပြုမောင်းနှင်မှု လေ့ကျင့်ခန်း၊ အလံတင်ပြမှု လေ့ကျင့်ခန်း၊ ပျက်စီးထိန်း လေ့ကျင့်ခန်း၊ မီးအချက်ပြမှု လေ့ကျင့်ခန်း၊ အရေးကြီး ရေယာဉ်ကာကွယ်မှု ပုံပြုလေ့ကျင့်ခန်း၊ ရှာဖွေကယ်ဆယ်ရေးနှင့် ကယ်တင်ကုသမှု လေ့ကျင့်ခြင်း၊ ဝေဟင်ဓာတ်ပုံရိုက်ကူးခြင်း၊ ပြန်လည်ဆွေးနွေးခြင်းနှင့် စစ်ရေယာဉ်များအပြန်အလှန် နှုတ်ဆက်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ဒုတိယအကြိမ်မြောက် အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းဆိုင်ရာ လေ့ကျင့်ခန်း (2nd AUMX) အား မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ ဘရူနိုင်းနှင့် အမေရိကန်နိုင်ငံတို့မှ စစ်ရေယာဉ်ရှစ်စင်း၊ ရဟတ်ယာဉ် တစ်စင်းတို့ စေလွှတ်ပါဝင်ခဲ့ကြပြီး ကျန်အာဆီယံ လေးနိုင်ငံမှ လေ့လာသူကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

**တက်ရောက်**

ဒုတိယ အကြိမ်မြောက် အာဆီယံ-အမေရိကန် ပင်လယ်ရေကြောင်းဆိုင်ရာ လေ့ကျင့်ခန်း (2nd AUMX)သို့ တက်ရောက်ခဲ့သည့် စစ်ရေယာဉ် (ကျန်စစ်သား)၏ ရန်ကုန်-အင်ဒိုနီးရှား-ရန်ကုန် ခရီးစဉ်သည် စုစုပေါင်း ရေမိုင် ၂၇၀၀ ခန့်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မိတ္ထီလာတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

မိတ္ထီလာ ဒီဇင်ဘာ ၁၈

မိတ္ထီလာတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်(၂၀၂၅ တက္ကသိုလ်ဝင်တန်းအောင်)သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက်က ဝန်ဇင်းခန်းမ၌ ကျင်းပသည်။

**ကြိုဆိုနှုတ်ဆက်**

အခမ်းအနားတွင် မိတ္ထီလာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူး ဆရာ ဆရာမများအား ကျောင်းသား ကျောင်းသူများနှင့် မိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ပြီး ပါမောက္ခချုပ် ဒေါက်တာဘဟန်က ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယပါမောက္ခချုပ် ဒေါက်တာနေအောင်နှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်လင်းတို့က ကြိုဆိုနှုတ်ဆက်စကားပြောကြားကာ ဘာသာရပ်ဆိုင်ရာ ပါမောက္ခဌာနမှူးများက ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ပြောကြားခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



☆ စာမျက်နှာ ၂၄ မှ

အခမ်းအနားသို့ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ် ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ ပညာရှင်ကြီးများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်စီးပွားရေး တက္ကသိုလ် (၂၅)နှစ်မြောက် ငွေရတု အထိမ်းအမှတ် အခမ်းအနားကို ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြ သည့် ဦးတင်အောင်စန်း၊ ဒေါက်တာ ကံဇော်၊ ဒေါက်တာချောချောစိန်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်စီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ တင်တင်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဦးညိုစောက ရန်ကုန် စီးပွားရေးတက္ကသိုလ် (၂၅)နှစ် မြောက် ငွေရတုအထိမ်းအမှတ် ကမ္ပည်းကျောက်စာကို စက်ခလုတ် နှိပ်ဖွင့်လှစ်ပေး၍ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းကျောက်စာကို အမွှေး နံ့သာရည်များဖြင့် ပက်ဖျန်း ပေးပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ငွေရတုအထိမ်းအမှတ် ကံ့ကော် ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် သည် အခမ်းအနားသို့တက်ရောက် လာကြသူများနှင့်အတူ တက္ကသိုလ် ပင်မဆောင်ရှေ့တွင် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြ သည်။

ယင်းနောက် အခမ်းအနားကို တက္ကသိုလ် ပင်မဆောင်ခန်းမ၌ ဆက်လက်ကျင်းပရာ တက္ကသိုလ် ကျောင်းသူများက **"ဂုဏ်ယူပါ သည် ငွေရတုတိုင်ပြီ"** တေးသီချင်း ဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ ၏ စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင် နိုင်ရန် စီးပွားရေးပညာရှင်များ၏ ကဏ္ဍသည် အဓိကအရေးကြီး သည့်အတွက် စီးပွားရေးပညာရှင် များကို မွေးထုတ်ပေးနေသည့် ရန်ကုန် စီးပွားရေးတက္ကသိုလ် (ရွှေသာကြီးနယ်မြေ)၏ (၂၅)နှစ် မြောက်ကာလအထိ အောင်မြင် တိုးတက်မှုမှတ်တိုင်ကို ဂုဏ်ပြု သည့်အနေဖြင့် ယခုအခမ်း အနားကို ကျင်းပခြင်းဖြစ်ကြောင်း၊ ရန်ကုန် စီးပွားရေးတက္ကသိုလ် (ရွှေသာကြီးနယ်မြေ)ကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါတွင် ဘွဲ့ကြိုသင်တန်းများ၊ ဂုဏ်ထူးတန်းများ၊ မဟာအရည် အချင်းစစ်သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း။

**"နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေး ကိုအားပေးစို့"** ဆိုသည့် ဆောင်ပုဒ် နှင့်အညီ ဗလငါးတန်နှင့်ပြည့်စုံ သည့် လူ့စွမ်းအားအရင်းအမြစ် များ မွေးထုတ်နိုင်ရန် ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော် အကြီးအကဲက အမြဲလမ်းညွှန် မှာကြားလျက်ရှိပြီး အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တက္ကသိုလ်တွင် နိုင်ငံတကာ အဆင့်မီ ပညာရေးစနစ်ဖြစ်စေရန် အတွက် ကျောင်းသား ဗဟိုပြု စဉ်းစားတွေးခေါ်မှုစနစ်၊ Case Study များနှင့် ပရောဂျက်အခြေပြု သင်ယူမှုစနစ်၊ လက်တွေ့အခြေပြု သင်ယူမှုနည်းစနစ်နှင့် စာကြည့် တိုက်ဗဟိုပြုစနစ်များကို အသုံး ပြု သင်ကြားနေသည့်အတွက် ကျောင်းသား ကျောင်းသူများ အနေဖြင့် သင်ယူလေ့လာမှု အခွင့် အလမ်းကောင်းများ ရရှိနေကြပြီ ဖြစ်ကြောင်း၊ ထို့ပြင် ကျောင်းသား ကျောင်းသူများ၏ ပညာရည် မြင့်မားရေးကို ရည်ရွယ်ပြီး စီးပွား ထူးချွန်ဆုနှင့် တက္ကသိုလ်ပညာ သင်ဆုများကို နိုင်ငံတော်က ပေးအပ်ချီးမြှင့်လျက်ရှိကြောင်း။

ယနေ့ကျင်းပသည့် အခမ်း အနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ တက္ကသိုလ် ကျောင်းသား ကျောင်း သူဟောင်းများပူးပေါင်း၍ အလုပ် အကိုင် အခွင့်အလမ်းပြပွဲများ၊ ဆွေးနွေးပွဲများ၊ သုတေသန ပိုစတာပြိုင်ပွဲများ၊ သုတေသန စာတမ်းဖတ်ပွဲများ ချိတ်ဆက် ဆောင်ရွက်နေကြသည်ကိုလည်း သိရှိရသည့်အတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အတွက် များစွာ အထောက်အကူပြု ကြောင်း၊ တက္ကသိုလ်များတွင် မျိုးဆက်သစ် လူငယ်များကို မှန်ကန်သည့် အသက်မွေး ဝမ်းကျောင်း အသိပညာ၊ အတတ် ပညာများ လေ့ကျင့်သင်ကြား ပေးနိုင်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ထို့ပြင် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစား လိုက်နာတတ်သည့် နိုင်ငံကြီးသား အလေ့အကျင့် ကောင်းများ ကိန်းအောင်းလာအောင် လေ့ကျင့် ပျိုးထောင် ပေးကြရမည်ဖြစ် ကြောင်းနှင့် မကြာမီကျင်းပမည့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီး ပိုမိုဖွံ့ဖြိုးတိုးတက်သည့် မြန်မာနိုင်ငံတည်ဆောက်ရေးကို ကျရာကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက် သွားကြရမည်ဖြစ် ကြောင်း။

**"နိုင်ငံ၏ စီးပွားရေးစနစ်သည် ဈေးကွက် စီးပွားရေးစနစ်ဖြစ် သည်"** ဆိုသည့် ပြဋ္ဌာန်းချက်နှင့် အညီ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်မှုဖြင့် ဈေးကွက်ဖွံ့ဖြိုး ရေး၊ ဈေးကွက်သစ်များရရှိရေး၊ ဈေးကွက်ချဲ့ထွင်ရေးကို တိုးချဲ့ ဆောင်ရွက်သွားကြရမည်ဖြစ် သည့်အတွက် ရန်ကုန်စီးပွားရေး တက္ကသိုလ် (ရွှေသာကြီးနယ်မြေ) အနေဖြင့် အနာဂတ်ကာလတွင် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးကို ဖော်ဆောင်နိုင်ပြီး အရည်အသွေး ပြည့်ဝသည့် ပညာရှင်များကို ဆတက်ထမ်းပိုး တိုးမြှင့်မွေးထုတ် ပေးနိုင်သည့် တက္ကသိုလ်ကြီး အဖြစ် နောင်နှစ်ပေါင်းများစွာ တိုင် အောင်မြင်စွာရပ်တည် နိုင်ပါစေကြောင်း ပြောကြား သည်။

ထို့နောက် တက္ကသိုလ်၏ (၂၅) နှစ်မြောက် ငွေရတုအထိမ်းအမှတ် Video Clip ကိုလည်းကောင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် အမျိုးသားယဉ်ကျေးမှုတက္ကသိုလ် တို့မှ ကျောင်းသူများ၏ "ငွေရတုမှ သည်ထာဝစဉ်တည်" တေးသီချင်း၊ "တူဆင်နွဲပျော် ငွေရတုပွဲတော်" တေးသီချင်းများဖြင့် ကပြဖျော်ဖြေ မှုကိုလည်းကောင်း ကြည့်ရှု အားပေးကြပြီး နိုင်ငံတော်ဝန်ကြီး ချုပ်က အကအဖွဲ့များအား ဂုဏ်ပြု ပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီး ချုပ်သည် တာဝန်ရှိသူများနှင့် အတူ ငွေရတုအထိမ်းအမှတ် အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ် ရေးထိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွှေသာကြီးနယ်မြေ) (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၈**

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ(၃၃)နှစ် မြောက် နှစ်ပတ်လည်နေ့ အထိမ်း အမှတ် အခွန်ဌာနမှူးကြီးမှူး၍ ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)ဖူဆယ်ဘောလုံးအား ကစားကွင်းတွင် ပြိုင်ပွဲ ပွဲစဉ်များ ကို ကျင်းပရာ ဌာနများမှ ဌာနမှူး များ၊ ဒုတိယဌာနမှူးများ၊ အရာ ထမ်းများနှင့် အမှုထမ်းများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။



ရှေးဦးစွာ ဖူဆယ်ဘောလုံး ပြိုင်ပွဲ ပွဲစဉ်-၁၁ တွင်စီမံရေးရာ ဌာန(က)အသင်းနှင့် စက်ရုံနှင့် မော်တော်ယာဉ်ဌာန(ခ)အသင်း တို့ကလည်းကောင်း၊ ပွဲစဉ်-၁၂ တွင် ဈေးနှင့်သားသတ်ဌာန(က) အသင်းနှင့် သန့်ရှင်းရေးဌာန(က) အသင်းတို့ကလည်းကောင်း၊ ပွဲစဉ်- ၁၃ တွင်မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာန(က)အသင်းနှင့် ပြည် သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေး ဌာနအသင်းတို့ အသီးသီးယှဉ်ပြိုင် ကစားကြသည်။

ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၇ သင်းပါဝင် ယှဉ်ပြိုင်ကြပြီး ဒီဇင်ဘာ ၁၅ ရက် မှ ၂၂ ရက်အထိယှဉ်ပြိုင်ကစား ကြမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၃)**

ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၉ ရက်

သာ လိုတော့သည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆောက်အဦလက်သမားနှင့် အုတ်စီလုပ်သားသင်တန်း သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူး၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဗဟိုသင်တန်းကျောင်းမှ နည်းပြဆရာ၊ ဆရာမများ၊ ကျွမ်းကျင်ပညာရှင်များပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆောက်အဦလက်သမားနှင့် အုတ်စီလုပ်သားသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာနတွင် ကျင်းပသည်။





အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးဝင်းမင်းထွဋ်နှင့် တာဝန်ရှိသူများ၊ နည်းပြဆရာ၊ ဆရာမများ၊ ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ရှိသူများ၊ တည်ဆောက်ရေးလုပ်ငန်းနယ်ပယ်မှ ဆောက်လုပ်ရေးလုပ်သားသင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဆင်းအဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင်ရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လုပ်သားများကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ပြီး ပိုမိုဘေးကင်းလုံခြုံသောအဆောက်အဦများ ဆောက်လုပ်နိုင်စေရန်နှင့် သဘာဝဘေးအန္တရာယ်ခံနိုင်ရည်ရှိပြီး သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်ခြေလျှော့ချနိုင်သည့် အဆောက်အဦများ ဆောက်လုပ်တတ်စေရန် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျောင်း၏သင်ရိုးညွှန်းတမ်းများနှင့်အညီ လေ့ကျင့်သင်ကြားပေးခဲ့သည့် သင်တန်းဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဘက်စုံကဏ္ဍစုံတွင် လုံလောက်သောကျွမ်းကျင်မှုရှိသည့် လူ့စွမ်းအားအရင်းအမြစ်များစွာလိုအပ်ပါကြောင်း၊ မန္တလေးငလျင်ကြီးအလွန် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်ခြေလျှော့ပါးရေးနှင့် ပိုမိုစနစ်ကျခိုင်ခံ့သော အဆောက်အဦများဖြစ်ရန် လိုအပ်လျက်ရှိပါကြောင်း၊ စာတွေ့လက်တွေ့အချိုးကျ ပေါင်းစပ်သင်ကြားပေးလိုက်သည့် ပညာရပ်များကို လက်တွေ့နယ်ပယ်တွင် အတွေ့အကြုံများနှင့်ပေါင်းစပ်၍ နည်းစနစ်ကျနစွာဖြင့် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဗဟိုသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးဝင်းမင်းထွဋ်က ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ သင်တန်းဆင်းလက်မှတ်များချီးမြှင့်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဗဟိုသင်တန်းကျောင်းမှကျောင်းအုပ်ကြီး ဦးဝင်းမင်းထွဋ်တို့က သင်တန်းသား၊ သင်တန်းသူ ၆၀ဦး ကိုယ်စား သင်တန်းသားကိုယ်စားလှယ်ထံသို့ အသိအမှတ်ပြုလက်မှတ်များ ချီးမြှင့်ခဲ့ပြီးနောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)





အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများ၏ အထူးနေ့လယ်စာစားပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)တွင် တက်ရောက်နေသော ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှ သင်တန်းသား၊ သင်တန်းသူများနှင့် B.Sc Sport အားကစားပညာဘာသာရပ် သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ၏ အထူးနေ့လယ်စာစားပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ရှိ စားရိပ်သာတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)မှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ အထူးနေ့လယ်စာစားပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အဖွဲ့သည် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှ သင်တန်းသား၊ သင်တန်းသူ ၁၈၀ဦးနှင့် B.Sc Sport အားကစားပညာဘာသာရပ်များကို သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ ၇၅ဦး၊ အုပ်ချုပ်သူ၊ နည်းပြများနှင့်အတူတကွ နေ့လယ်စာကို သုံးဆောင်ကြပြီးနောက် သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)









# ကြံတစ်တန်လျှင် စက်ရုံအရောက်ဈေး ငွေကျပ် ၁၇၀၀၀၀ နှုန်းဖြင့် ဝယ်ယူ

၂၀၂၅-၂၀၂၆ခုနှစ် ကြံကြိတ်ရာသီမှာ ကြံတစ်တန်လျှင် စက်ရုံအရောက်ဈေး ငွေကျပ် ၁၇၀၀၀၀ နှုန်းဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း စက်ရုံများက အသိပေးထုတ်ပြန်ထားသည်။ ကြံစိုက်တောင်သူများကလည်း ကြံများကို အဖူးအမြစ်အမှိုက်များ ကင်းစင်ပြီး သန့်ရှင်းလတ်ဆတ်သော ကြံများကိုသာ သယ်ယူရောင်းချပေးရန်လည်း မေတ္တာရပ်ခံထားသည်။ ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ခုနှစ် ကြံကြိတ်ခဲ့ရာသီမှာ ကြံတစ်တန်လျှင် စက်ရုံအရောက် ငွေကျပ် ၁၈၀၀၀၀ မှ ၂၀၀၀၀၀ အထိ ဈေးကောင်းပေး ဝယ်ယူခဲ့သည်။

ပြည်တွင်း၌ စုစုပေါင်း ကြံစိုက်ဧက လေးသိန်းခွဲကျော်ရှိပြီး တစ်နိုင်ငံလုံးတွင် သကြားစက်ရုံပေါင်း ၂၄ ရုံရှိကာ ပြည်တွင်းရှိ သကြားစက်ရုံများ၏ ကြံကြိတ်သည့်ကာလမှာ နှစ်စဉ် နိုဝင်ဘာလ နောက်ဆုံးပတ်မှ ဧပြီလကုန်အထိ ဖြစ်သည်။

သကြားစက်ရုံများမှ ထွက်ရှိလာသောသကြားများကို ပြည်တွင်းစားသုံးမှုဖူလုံစေရန် အဓိကထားဖြန့်ဖြူးပေးလျက်ရှိပြီး ပိုလျှံသော သကြားများကို ဗီယက်နမ်နိုင်ငံသို့ ဦးစားပေးတင်ပို့လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကြံကို စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၌ အများဆုံးစိုက်ပျိုးပြီး ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းနှင့် အနောက်ခြမ်းတို့တွင် ဒုတိယအများဆုံးစိုက်ပျိုးကာ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင်လည်း စိုက်ပျိုးမှုအနည်းငယ်ရှိကြောင်း သိရသည်။

ရွှေမန်း

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စစ်တုရင်အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်စစ်တုရင်ပြိုင်ပွဲကို စီမံရေးရာဌာနမှ ကြီးမှူးကျင်းပရာ နောက်ဆုံးအဆင့် စစ်တုရင်ပြိုင်ပွဲအား ယနေ့နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ခြောက်ထပ်ဆောင်ခန်းမတွင် ပြုလုပ်ခဲ့ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းနှင့် ဌာနအလိုက် အရာထမ်း၊ အမှုထမ်းများ တက်ရောက်အားပေးကြသည်။

အဆိုပါ နောက်ဆုံးအဆင့် ပြိုင်ပွဲကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဌာန ၁၄ ခုမှ ပြိုင်ပွဲဝင် ၂၈ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး နောက်ဆုံးအဆင့်အဖြစ် ပြိုင်ပွဲများ ကစားအပြီး ပထမဆုကို ဦးဇော်ဇော်မင်း(စက်ရုံနှင့် မော်တော်ယာဉ်ဌာန)က ၆ ဒသမ ၅ မှတ်ဖြင့် လည်းကောင်း၊ ဦးအောင်သန်းမင်း(အခွန်ဌာန)က ခြောက်မှတ်ဖြင့် လည်းကောင်း၊ ဦးဘိုနီ(စက်ရုံနှင့်မော်တော်ယာဉ်ဌာန)က ၅ ဒသမ ၅ မှတ်ဖြင့် လည်းကောင်း ဆုရရှိကြရာ ဆုရရှိသူများနှင့် ဒိုင်အဖြစ်ဆောင်ရွက်ပေးကြသူများကို တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ဆုများ အသီးသီးချီးမြှင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



# စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း မိတ္ထီလာ၊ ပျော်ဘွယ်၊ ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့များ၏ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းသည် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက မိတ္ထီလာမြို့နယ်၊ ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



မြို့တော်ဝန်သည် အဆိုပါမြို့နယ်အသီးသီးရှိ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မြို့အဝင်နေရာများတွင် သန့်ရှင်းသပ်ရပ်သာယာလှပရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန် လမ်းဘေးဝဲ၊ ယာများတွင် (Landscaping)မြေယာရှုခင်းအလှပန်းခြံငယ်များဖြင့် အနိမ့်၊ အမြင့်အရောင်စုံလှပနေအောင် ဒေသမျိုးရင်းပန်းပင်များဖြင့် အလှဆင်ပုံဖော်ဆောင်ရွက်ပေးရန် မြို့တွင်းအဓိကမိန်းလမ်းမများတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးမီးပွိုင့်များ အမြဲတမ်းကောင်းမွန်အောင်ဆောင်ရွက်ရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလမ်းညွှန်အမှတ်အသားဆေးလိုင်းများ ပြည့်ပြည့်စုံစုံရေးဆွဲထားရှိရေး ဆောင်ရွက်ပေးရန် မြို့တွင်းလမ်းဆုံနေရာများနှင့် လမ်းများတွင် လမ်းအမည်ပါဝင်သော လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ပေးရန် မြို့တွင်းလမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရန်၊ မြို့ဧရိယာအတွင်း မြေလွတ်နေရာများ၌ ကျူးကျော်မှုများ မရှိစေရန်နှင့် လိုအပ်သည့် နေရာများတွင် ပန်းခြံများ ဆောင်ရွက်ခြင်း၊ ခြံစည်းရိုး လုံခြုံအောင်ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန်၊ ထို့ပြင် ဝန်ထမ်းသက်သာချောင်ချိရေးအတွက် နှစ်ရှည်သီးပင်၊ စားပင်များ၊ မီးဖိုချောင်သုံးသီးနှံစိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

ဆက်လက်၍ အထူးမှာကြားလိုသည်မှာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်(Renewable Energy)ဖြစ်သည့် ဆိုလာဓာတ်အားပေးစနစ်များအား ကဏ္ဍအသီးသီးတွင် ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်ကြရန် လိုအပ်ပြီး စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ပြည်သူလူထုကို အဓိကဝန်ဆောင်မှုပေးနေသည့် သောက်သုံးရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်ရန် စက်ရေတွင်းသစ်များ နှစ်အလိုက်တူးဖော်ခြင်း၊ ရေတွန်းစက်ရုံများ လည်ပတ်နိုင်ရန်အတွက် ဆိုလာစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားရရှိရေးကို ဦးစားပေးလုပ်ဆောင်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားခငွေသုံးစွဲမှု လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ မြို့များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် လမ်းမီးများ၊ မီးပွိုင့်များအား ဆိုလာဓာတ်အားပေးစနစ်ဖြင့် ပြောင်းလဲတပ်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင်မြို့တွင်းလမ်းများရှိ လမ်းဝဲ၊ ယာ ပလက်ဖောင်းများပေါ်တွင် ဈေးဆိုင်များ တည်ခင်းရောင်းချမှုမရှိစေရန်နှင့် မိမိဆိုင်ခန်းသတ်မှတ်ဧရိယာအတွင်း၌သာ ရောင်းချအောင်ရှင်းလင်းဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် မြို့အင်္ဂါရပ်များနှင့်အညီ ဖြစ်အောင် သန့်ရှင်းသာယာလှပပြီး သပ်သပ်ရပ်ရပ်ဖြစ်နေအောင် ဆောင်ရွက်ပေးကြရန် အထူးမှာကြားလိုကြောင်းစသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် သက်ဆိုင်ရာ မြို့နယ်အလိုက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများက လမ်းများအား မြေသားလမ်းမှ ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ သောက်သုံးရေကိစ္စရပ်များနှင့် ဝန်ထမ်းရေးရာဆိုင်ရာကိစ္စရပ်များကို အသီးသီးတင်ပြကြရာ မြို့တော်ဝန်က လမ်းများကို ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် ယခုထက်ပိုမိုတိုးချဲ့ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ရေတွန်းစက်ရုံများကိုလည်း ဆိုလာဓာတ်အားပေးစနစ်များ နှစ်အလိုက်တိုးချဲ့ဆောင်ရွက်ပေးရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဖြည့်စွက်မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ရမည်းသင်းမြို့ ပြည်သာယာ(၁၁)လမ်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ စက်ရေတွင်းအမှတ်(၁၁)သို့ ရောက်ရှိကြရာ မြို့နယ်အမှုဆောင်အရာရှိက စက်ရေတွင်းအနက်ပေ ၃၀၀ မှ (၈)လက်မ PVC ပိုက်လိုင်းဖြင့် စုတ်ယူပြီး ရေထွက်နှုန်း တစ်နာရီလျှင် ဂါလန် ၂၀၀၀ နှုန်းထွက်ရှိပြီး အဆိုပါစက်ရုံဝင်းအတွင်း (၁၃ ပေ× ၁၉ ပေ× ၆ ပေ)အရွယ်အစားရှိ ဂါလန် ၁၀၀၀၀ ဆံ့ ရေသိုလှောင်ကန်မှတစ်ဆင့် ပြည်သာယာရပ်ကွက်ကြီးအတွင်းသို့ ရေဖြန့်ဝေပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့တော်ဝန်သည် အဆိုပါရေတွန်းစက်ရုံသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် (၂၀၂၅-၂၀၂၆)ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုဘဏ္ဍာငွေကျပ် ၂၅ သန်းဖြင့် တပ်ဆင်ပြီးစီးခဲ့သည့် စုစုပေါင်းဝပ် ၁၆၅၆၀ ဝပ်ထွက်ရှိသော Mars Mono N-TYPE-On Grid System ဆိုလာဓာတ်အားပေးစနစ်ဖြင့် စက်ရေတွင်းသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၈**





မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ ဌာနမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေးချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံအားကစားခန်းမသို့ ရောက်ရှိကြပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ရေနှင့်သန့်ရှင်းမှုဌာနမှ ကြီးမှူးကျင်းပသည့် (အမျိုးသား၊ အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ဘော်လီဘောအားကစားပြိုင်ပွဲ(အမျိုးသမီး) ဗိုလ်လုပွဲအဖြစ် ရေနှင့်သန့်ရှင်းမှုဌာနအသင်းနှင့် စက်ရုံနှင့်မော်တော်ယာဉ်ဌာန(ခ)အသင်း၊ (အမျိုးသား) ဗိုလ်လုပွဲအဖြစ် ဈေးနှင့်သားသတ်ဌာနအသင်းနှင့် စက်ရုံနှင့်မော်တော်ယာဉ်ဌာနအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှုများကို မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ မြို့တော်စည်ပင်ဌာနအသီးသီးမှ ဝန်ထမ်းများ၊ ဘော်လီဘောအားကစားဝါသနာရှင်များက ပျော်ရွှင်စွာဖြင့် အားပေးကြရာ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန တိုင်းဦးစီးမှူးနှင့်တာဝန်ရှိသူများ၊ ဘော်လီဘောဆပ်ကော်မတီမှ ဒိုင်လူကြီးများက ပြိုင်ပွဲကြီးအား စနစ်တကျ ကြီးကြပ်ပေးခဲ့ကြသည်။

ဆက်လက်၍ ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကျင်းပရာ (အမျိုးသား)ဘော်လီဘောပြိုင်ပွဲ ပထမဆုရ ဈေးနှင့်သားသတ်ဌာနအသင်း၊ ဒုတိယဆုရ စက်ရုံနှင့်မော်တော်ယာဉ်ဌာနအသင်း၊ တတိယဆုရ သန့်ရှင်းရေးဌာနအသင်းတို့ ကိုလည်းကောင်း၊ (အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ပထမဆုရ ရေနှင့်သန့်ရှင်းမှုဌာနအသင်း၊ ဒုတိယဆုရ စက်ရုံနှင့်မော်တော်ယာဉ်ဌာန(ခ)အသင်း၊ တတိယဆုရ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနအသင်းတို့ကိုလည်းကောင်း မြို့တော်စည်ပင်အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ကော်မတီဝင်များက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀-၀

၀-၀-၀-၀

၀-၀-၀

# အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီတွင် မီးခိုးမြူများ ထူထပ်စွာကျဆင်း ဝန်ထမ်း ၅၀ ရာခိုင်နှုန်းကို အိမ်မှ လုပ်ငန်းဆောင်ရွက်ခွင့်ပြု



နယူးဒေလီ ဒီဇင်ဘာ ၁၈

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီတွင် မီးခိုးမြူများ ထူထပ်စွာကျဆင်းနေခြင်းကြောင့် အစိုးရဌာနများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ ဝန်ထမ်းများ၏ ၅၀ ရာခိုင်နှုန်းကို အိမ်မှ လုပ်ငန်းဆောင်ရွက်ခွင့်ပြုကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာ ၁၇ ရက်တွင် ပြောသည်။

ဒီဇင်ဘာ ၁၈ ရက်မှ စတင်၍ အစိုးရဌာနများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ ဝန်ထမ်းများ၏ ၅၀ ရာခိုင်နှုန်းကို အိမ်မှ လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် တာဝန်ရှိသူများက ကြိုးကြပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီး ကာဖီမီရှရာက ပြောသည်။ သို့ရာတွင် မရှိမဖြစ်လိုအပ်သည့် လုပ်ငန်းများဖြစ်သည့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးဌာနများ၊ ဆေးရုံများ၊ မီးသတ်၊ လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးဌာနတို့တွင်တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများသည် ယခုအမိန့်နှင့် သက်ဆိုင်ခြင်းမရှိကြောင်း ၎င်းက ပြောသည်။

ယခုကဲ့သို့ ဝန်ထမ်းများအား အိမ်မှ လုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းဖြင့် နေ့စဉ်သွားလာရေးလုပ်ငန်းများ လျော့ကျလာကာ ယာဉ်များကြောင့်ဖြစ်သည့် လေထုညစ်ညမ်းမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အဖွဲ့အစည်းများကို အရေးယူမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လူဦးရေ သန်း ၃၀ ကျော်နေထိုင်သည့် နယူးဒေလီတွင် ဆောင်းရာသီကာလအတွင်း လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လေ့ရှိသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# ဗီယက်နမ်နိုင်ငံတွင် ၂၀၃၀ ပြည့်နှစ်၌ နည်းပညာဆိုင်ရာလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများတွင် ပညာတတ်လုပ်သားအင်အား ၂၅ ရာခိုင်နှုန်းအထိ ခန့်အပ်မည်

ဟန္နိုင်း ဒီဇင်ဘာ ၁၈

ဗီယက်နမ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် နိုင်ငံ၏ နည်းပညာဆိုင်ရာလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများတွင် ပညာတတ်လုပ်သားအင်အား ၂၅ ရာခိုင်နှုန်းအထိ ခန့်အပ်မည်ဖြစ်ကြောင်း ဗီယက်နမ် နယူးစ်အေဂျင်စီက ပြောသည်။ ၂၀၄၅ ခုနှစ်အထိ ရည်မှန်းထားသည့် နိုင်ငံ၏ စက်မှုလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာအရ ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုဆောင်ရွက်မည့်အစီအစဉ်အရ သိပ္ပံပညာ၊ အင်ဂျင်နီယာနှင့် နည်းပညာကဏ္ဍများတွင် အတတ်ပညာသင်ယူသူ များပြားလာမည်ဖြစ်ကာ ၎င်းတို့တွင် ပါရဂူဘွဲ့ရယူမည့်သူ အရေအတွက် ၆၀၀၀ နှင့် ပညာရပ်ဆိုင်ရာ အစီအစဉ်များတွင် တက်ရောက်သင်ယူမည့် သင်တန်းသားအရေအတွက် ၂၀၀၀၀ အထိ ရှိလာမည်ဖြစ်သည်။

ပြည်ပတွင်ပညာသင်ကြားနေသည့် ကျောင်းသား ၁၀၀၀ ကိုလည်း နိုင်ငံအတွင်း ဆောင်ရွက်မည့် သုတေသနလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေခြင်းဖြင့် ယခုအစီအစဉ်တွင် ပူးပေါင်းဆောင်ရွက်စေမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ



# ဂျပန်နိုင်ငံ ကုမာမိုတိုတက္ကသိုလ်မှ သုတေသီများ ပင်လယ်မျော်ကောင် မျိုးစိတ်သစ်တစ်မျိုးရှာဖွေတွေ့ရှိ

တိုကျို ဒီဇင်ဘာ ၁၈

ဂျပန်နိုင်ငံ ကုမာမိုတိုတက္ကသိုလ်မှ သုတေသီများသည် ပင်လယ်မျော်ကောင် မျိုးစိတ်သစ်တစ်မျိုးကို ရှာဖွေတွေ့ရှိခဲ့ပြီး ၎င်းသည် အများအားဖြင့် တွေ့ရလေ့ရှိသော ကဏန်းတစ်မျိုးနှင့် ထူးခြားသော ဆက်နွယ်မှုရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သိပ္ပံပညာရှင်များသည် ပါရာကယ်လီယက်တစ်ဆူကီဆိုမီဟု အမည်ပေးထားသည့် အဆိုပါ ပင်လယ်မျော်ကောင်သည် ပျမ်းမျှထက် အရွယ်အစား ပိုမိုကြီးမားသော အွန်ကိုပါဂူးရပ်စ် မွန်စထရိဆပ်အမည်ရှိ ပင်လယ်ကဏန်း၏ ကျောပေါ်တွင် လိုက်ပါနေထိုင်သည်ကို လေ့လာတွေ့ရှိခဲ့ကြသည်။

ပင်လယ်မျော်ကောင် အများစုသည် ကျောက်ဆောင်များ၊ သန္တာကျောက်တန်းများ သို့မဟုတ် အခြားသော ရေအောက်မျက်နှာပြင်များတွင် ကပ်တွယ်နေထိုင်လေ့ရှိသော်လည်း အချို့သော ပင်လယ်မျော်ကောင်များသည် ရွေ့လျားသွားလာမှုကို ပိုမိုနှစ်သက်ကြပြီး ခရုကောင်များနှင့် ကဏန်းများတွင် တွယ်ကပ်နေထိုင်ကြသည်။

ယင်းကဲ့သို့သော ဆက်နွယ်မှုသည် ကဏန်းနှင့် ပင်လယ်မျော်ကောင် နှစ်မျိုးလုံးအတွက် အတူတကွ သွားလာခြင်းဖြင့် အကျိုးရှိစေသည့် အပြန်အလှန် အမှီသဟဲပြု ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ရှင်သန်နေထိုင်မှု ဖြစ်သည်။

ပင်လယ်မျော်ကောင်မှ ထွက်ရှိသော အရည်များသည် ကဏန်း၏အခွံကို တည်ဆောက်ရာတွင် ကူညီပေးသဖြင့် ပင်လယ်ကဏန်း ကြီးထွားမှုကို အထောက်အကူပြုပြီး ပင်လယ်မျော်ကောင်သည်လည်း ပင်လယ်ကဏန်းမှ စွန့်ထုတ်သော အညစ်အကြေးများကို စားသုံးခြင်းဖြင့် ရှင်သန်ကြကြောင်း သိရသည်။

Mon

STOP AIDS




# ကြေးမုံပြင်အလွန် အီတလီခေတ်ပြိုင်အနုပညာပြပွဲကို ပေကျင်းမြို့တော်တွင် မတ် ၁၀ ရက်အထိ ပြသမည်

ပေကျင်း ဒီဇင်ဘာ ၁၈

အနုပညာလှုပ်ရှားမှုများ၏ အဓိကဗဟိုချက်ဖြစ်သော အီတလီနိုင်ငံသည် ၂၀ ရာစုနှောင်းပိုင်း ကမ္ဘာ့ခေတ်ပြိုင်အနုပညာလောကကို ပုံဖော်ရာတွင် အာတီပိုဗီရာခေတ်မှသည် ထရန်စဗန်ဂါဒီယာခေတ်အထိ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုကဲ့သို့ တိုးတက်ပြောင်းလဲမှုများသည် လူသားတို့၏ ရှေးအကျဆုံး အနုပညာပုံစံတစ်ခုဖြစ်သည့် ပန်းချီပညာရပ်အပါအဝင် နယ်ပယ်အသီးသီးတွင် ဖြစ်ထွန်းခဲ့သည်။

လက်ရှိတရုတ်နိုင်ငံ ပေကျင်းမြို့တော်တွင် ကျင်းပလျက်ရှိသည့် ကြေးမုံပြင်အလွန် အီတလီခေတ်ပြိုင်အနုပညာပြပွဲ၌ ၁၉၆၀ ပြည့်လွန်နှစ်များနောက်ပိုင်း အီတလီ ပန်းချီလောက၏ ခေတ်ရွေ့ပြေးအနုပညာရေစီးကြောင်းများကို အဓိကထားတင်ဆက်ထားသည်။

အနုပညာရှင် ၁၃ ဦး၏ လက်ရာများကို ပြသထားသည့် အဆိုပါပြပွဲတွင် မြို့ပြရှုခင်းများနှင့် လူသားတို့၏ သဘာဝပတ်ဝန်းကျင်အပေါ် ထားရှိသည့် ဆက်ဆံရေးကို အမြင်သစ်ဖြင့် ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုထားကာ အတွေးအခေါ်ပိုင်းဆိုင်ရာ ဆင်ခြင်သုံးသပ်မှုများကို ဖော်ညွှန်းထားသည်။

အဆိုပါပြပွဲကို တရုတ်နှင့် အီတလီ နှစ်နိုင်ငံသံတမန်ဆက်သွယ်ရေး (၅၅) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး စီးပွားရေး၊ အနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားပြီး ပေကျင်းမြို့တော်ရှိ ဂါးဒီးယန်းအတ်စင်တာတွင် မတ် ၁၀ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀





# အလိုအလျောက် မောင်းနှင်ရေးစနစ် နည်းပညာနှင့်ပတ်သက်၍ တက်စလာက စားသုံးသူများအား လှည့်ဖြားပြောဆိုခဲ့သည်ဟု ဆို

ဝါရှင်တန် ဒီဇင်ဘာ ၁၈

ကယ်လီဖိုးနီးယားပြည်နယ်ရှိ အုပ်ချုပ်ရေးဆိုင်ရာ တရားသူကြီးတစ်ဦးက အီလွန်မတ်စ် ဦးဆောင်သော တက်စလာကုမ္ပဏီသည် ၎င်းတို့၏ အလိုအလျောက်မောင်းနှင်ရေးစနစ် နည်းပညာနှင့်ပတ်သက်၍ စွမ်းဆောင်ရည်များကို စားသုံးသူများအား လှည့်ဖြားပြောဆိုခဲ့သည်ဟု ဆုံးဖြတ်ခဲ့ပြီးနောက် တက်စလာအနေဖြင့် အဆိုပါ နည်းပညာကို ဈေးကွက်မြှင့်တင်ရာတွင် အသုံးပြုသည့် နည်းလမ်းများကို လျှော့ချပြင်ဆင်ခြင်း မရှိပါက လာမည့်နှစ်ဆန်းတွင် ပြည်နယ်အတွင်း လျှပ်စစ်ကားရောင်းချခွင့်လိုင်စင်ကို ဆိုင်းငံ့ပစ်မည်ဟု ထိန်းကျောင်းကြပ်မတ်ရေး အာဏာပိုင်များက ယမန်နေ့တွင် ခြိမ်းခြောက်လိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်အတွင်း တက်စလာ၏ ကားရောင်းချမှုများကို ရက်ပေါင်း ၃၀ ကြာ ပိတ်ပင်နိုင်ခြေရှိသည့် အဆိုပါ အမိန့်ကို အပြစ်ပေးမှုနှင့်ပတ်သက်၍ ပြည်နယ် မော်တော်ယာဉ်ဌာနသို့ အကြံပြုတင်ပြထားကြောင်း သီတင်းပတ်အစောပိုင်းက ထုတ်ပြန်သည့် ဆုံးဖြတ်ချက်တွင် ပါရှိသည်။

အုပ်ချုပ်ရေးဆိုင်ရာ တရားသူကြီး ဂျူးလီယက်ကော့စ်၏ စီရင်ချက်တွင် တက်စလာကုမ္ပဏီသည် ၎င်းတို့၏ ကားများတွင် ပါဝင်သော အလိုအလျောက်မောင်းနှင်သည့် နည်းပညာကို မြှင့်တင်ရာ၌ အော်တိုပိုင်းလော့ဟူသော ဝေါဟာရများကို အသုံးပြုကာ လှည့်ဖြားသော ဈေးကွက်မြှင့်တင်ရေး နည်းလမ်းများဖြင့် နှစ်ပေါင်းများစွာ လုပ်ဆောင်ခဲ့သည်ဟု ဆုံးဖြတ်ထားသည်။

ဇူလိုင်လအတွင်း ကယ်လီဖိုးနီးယားပြည်နယ်၊ အုတ်ကလန်မြို့၌ ငါးရက်ကြာ ပြုလုပ်ခဲ့သော ကြားနာမှုများကို ကြီးကြပ်ပြီးနောက် တရားသူကြီး ကော့စ်သည် ကယ်လီဖိုးနီးယားပြည်နယ်၊ ဖရီးမောင့်ရှိ စက်ရုံ၌ တက်စလာ၏ ကားထုတ်လုပ်ခွင့် လိုင်စင်ကိုပါ ဆိုင်းငံ့ရန် အကြံပြုခဲ့ကြောင်း သိရသည်။

Mon

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၂ လုံး ထပ်မံဖြိုချဖျက်ဆီးပြီး အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီး




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေအပိုင်း (၃)မှ အဆောက်အအုံများအား ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၈

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ -မဲ့ထော်သလေး(KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ်အဆောက်အအုံ ကိုးလုံးနှင့် တစ်ထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ၁၂လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၄၇၈ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း တရားမဝင် လေးထပ်အဆောက်အအုံနှစ်လုံး၊ သုံးထပ်အဆောက်အအုံသုံးလုံး၊ နှစ်ထပ်အဆောက်အအုံငါးလုံးနှင့် တစ်ထပ်အဆောက်အအုံခုနစ်လုံး စုစုပေါင်း တရားမဝင် အဆောက်အအုံ ၁၇ လုံးကို ထပ်မံစစ်ဆေးနိုင်ခဲ့သည်။

ယင်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။သတင်းစဉ်

## ပဲ၊ နှမ်းဈေးကွက် ပို့ကုန်ပဲများနှင့် နှမ်းမျိုးစုံ ဈေးမြင့်တက်ခြင်းမရှိ ဆက်လက်အဝယ်သွက်နေ

ပို့ကုန်ပဲများဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံနှင့် နှမ်းမျိုးစုံတို့မှာ ပို့ကုန်သမားများ အဝယ်သွက်နေသော်လည်း ဈေးမြင့်တက်ခြင်းမရှိ ဆက်လက်အဝယ်သွက်နေကြောင်း ကုန်သည်များထံမှ သိရသည်။



နှမ်းမျိုးစုံမှာ အမျိုးအစားအလိုက် ဈေးမြင့်တက်ခြင်း မရှိသော်လည်း တရုတ်ပို့ကုန်သမားများ ခပ်သွက်သွက်ဝယ်ယူလျက်ရှိသည်။

ဒီဇင်ဘာလဆန်းပိုင်းထဲက ပို့ကုန်ဆိုင်ရာ မူဝါဒအပြောင်းအလဲကို မျှော်လင့်ပြီး ပဲ၊ နှမ်းဈေးကွက် အရောင်းအဝယ်သွက်နေရာ ဒီဇင်ဘာ ၁၇ ရက်တွင် ပို့ကုန်ပဲစင်းငုံနှင့် နှမ်းနက်များကို ပို့ကုန်ဝယ်လက်သမားများ ဝယ်လိုအားကောင်းနေကြောင်း ပြည်တွင်းသုံးကုလားပဲဈေးကွက်မှာ ပုံမှန်ဈေးကွက်သာရှိပြီး မြေပဲဆီဆန်မှာ ပဲခွဲစက်များ ဝယ်လိုအားကောင်းနေပြီး ပဲဖတ်ဈေးမှာလည်း ပြန်လည်မြင့်တက်လျက်ရှိကြောင်း၊ တီရှီစ္စာန်အဖြစ် ပဲယင်းကို ဝယ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း ပဲကုန်သည် ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပို့ကုန်ပဲတွေကတော့ လက်ရှိပေါက်ဈေးနဲ့ အဝယ်ကောင်းနေပါတယ်။ တရုတ်ပို့မယ့် နှမ်းနက်လည်း ဈေးမတက်ပေမယ့် အဝယ်သွက်နေပါတယ်။ မြေပဲဆန်ဈေးကွက်ကလည်း ပဲဖတ်ဈေးတက်တော့ ဆီစက်ပိုင်တွေ ဝယ်လိုအားကောင်းနေပါတယ်။ ပဲမာလိုင်းထဲက ပဲယင်းကို တီရှီစ္စာန် အစာအဖြစ် ဝယ်ယူရန် စိတ်ဝင်စားလျက်ရှိပါတယ်"ဟု ၎င်းက ပြောသည်။

ဒီဇင်ဘာ ၁၈ ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေးမြင့်လာရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၇၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀၊ ပဲတီစိမ်း(အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၇၀၀၀၊ V7 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၈၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဒီဇင်ဘာ ၁၈ ရက်တွင် ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၇၈၀၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၀၀၊ ပဲထောပတ်(သစ်) တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ်၂၇၀၀၀၀၊ စားတော်ပဲ(ကနေဒါ) တစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀ ပေါက်ဈေးရှိသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဒီဇင်ဘာ ၁၈ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၃၅၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀-၈၈၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀-၇၁၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

ရွှေမန်း

၀-၀-၀-၀-၀-၀-၀

## တရုတ်နိုင်ငံသို့ ထောပတ်သီး တင်ပို့ရန် (G to G) သဘောတူညီမှုရရှိရေး ဆောင်ရွက်နေ

တရုတ်နိုင်ငံသို့ ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသည့် ထောပတ်သီးများကို တင်ပို့ရန် (G to G) သဘောတူညီမှုရရှိရေး ဆောင်ရွက်နေကြောင်း မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။

တရုတ်နိုင်ငံသို့ (G to G) ဖြင့် တရားဝင်တင်ပို့ခွင့်ရရှိပါက မြန်မာထောပတ်သီးဈေးကွက်မှာ ပိုမိုကျယ်ပြန့်လာမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်နှစ်ခုရရှိကာ စိုက်ပျိုးတောင်သူများ ပိုမိုအဆင်ပြေလာနိုင်မည်ဟု ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူတစ်ဦးက သုံးသပ်သည်။

"မြန်မာ့ထောပတ်သီးတွေကို တရုတ်အကောက်အခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC)ရဲ့ သတ်မှတ်ချက်တွေနဲ့အညီ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ကစပြီး တရားဝင်တင်ပို့နိုင်တော့မှာပါ။ လက်ရှိမှာ GACC မှတ်ပုံတင်ရမယ့် ကုန်စည်အုပ်စု ၁၈ အုပ်စုမှာ ထောပတ်သီးမပါဝင်သေးတာကြောင့် ကိုယ်တိုင် အကောင့်ဖွင့်လှစ်ပြီး တင်ပို့ခွင့် တိုက်ရိုက်လျှောက်ထားရမယ်လို့ သိရတယ်" ဟု ၎င်းက ပြောသည်။

GACC အနေနဲ့ စိုက်ပျိုးရေး စားသောက်ကုန်အုပ်စုများအတွက် မှတ်ပုံတင်ခြင်းကို ကုမ္ပဏီ၊ လုပ်ငန်းရှင်များကိုယ်တိုင် ဆောင်ရွက်၍မရဘဲ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များကိုသာ လျှောက်ထားခွင့်ပြုထားကြောင်း၊ ပြီးခဲ့သည့် ထောပတ်ရာသီတွင် ထိုင်းနိုင်ငံသို့ အဓိကထားတင်ပို့ခဲ့ရာ တန်ချိန် ၃၀၀၀ ဝန်းကျင်ရှိခဲ့ကြောင်း သိရသည်။



ပြည်ပကို ထောပတ်သီး သာမက သီးနှံတွေ တင်ပို့တဲ့အခါ ပိုးသတ်ဆေးတောက်ကြွင်းတောက်ကျန် လျှော့ပါးစေရေးမှာ အရေးကြီးပြီး ပိုးသတ်ဆေးပါဝင်မှု သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးထုတ်လုပ်ကြရန်လိုကြောင်း၊ ထောပတ်သီးစိုက်ပျိုးမှုနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဇ)

# နိုင်ငံတကာ အားကစား သတင်းများ

## ဘာရီယို့စ်ကို ခေါ်ယူရန် စပါးအသင်း ကမ်းလှမ်း

**လန်ဒန် ဒီဇင်ဘာ ၁၈**

စပါးအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်း၏ ကွင်းလယ်ကစားသမား ဘာရီယို့စ်ကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ



၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၆ ပွဲကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်း ဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းကလည်း ဘာရီယို့စ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆိုရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် စပါးအသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အက်သလက်တီကိုမက်ဒရစ်အသင်းထံမှ ဘာရီယို့စ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ)(NGB)**

## ဒန်ဘန်းသည် ဒဏ်ရာကြောင့် ခြောက်ပတ်ခန့် အနားယူရမည်

**လန်ဒန် ဒီဇင်ဘာ ၁၈**

နယူးကာဆယ်အသင်း နောက်ခံကစားသမား ဒန်ဘန်းသည် နံရိုးကျိုးပြီး အဆုတ်ပါ ထိခိုက်ခဲ့မှုကြောင့် ခြောက်ပတ်ခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် နယူးကာဆယ်အသင်းက ဆန်းဒါးလန်းအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဒန်ဘန်းသည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် နယူးကာဆယ်အသင်း ခံစစ်ပိုင်းအတွက် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဒန်ဘန်းသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၀ပွဲကစားကာ ကိုးဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။ **(အောက်ပုံ) (NGB)**



## ဒိုင်ဘာလာသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ရိုးမားအသင်းမှ ထွက်ခွာသွားမည်

**လန်ဒန် ဒီဇင်ဘာ ၁၈**

တိုက်စစ်မှူး ဒိုင်ဘာလာသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ရိုးမားအသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများအပြင် ဆော်ဒီကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ဒိုင်ဘာလာသည် ရိုးမားအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၆ ပွဲကစားပြီး ၄၄ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် တိုက်စစ်မှူး ဒိုင်ဘာလာအနေဖြင့် ရိုးမားအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

* * * * * *




## 2025 FIFA Intercontinental Cup ချန်ပီယံဆုကို ပီအက်စ်ဂျီအသင်း ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၁၈**

2025 FIFA Intercontinental Cup ချန်ပီယံဆုကို ပီအက်စ်ဂျီအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် 2025 FIFA Intercontinental Cup ဖိုင်နယ်ပွဲအဆင့်တွင် ဖလာမင်ဂိုအသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆု ရရှိခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းထုတ်ပြန်ချက်တွင် "2025 FIFA Intercontinental Cup ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အခုလို ဆုရရှိအောင် အစွမ်းကုန်ကြိုးစားပေးတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်ထားသည်။ **(အပေါ်ပုံ)(NGB)**

* * * * * *

## အိုဗီဒိုအသင်းမှ နည်းပြ လူးဝစ်ကယ်ရီအွန်ကို ရာထူးမှထုတ်ပယ်

**မက်ဒရစ် ဒီဇင်ဘာ ၁၈**

စပိန်လာလီဂါကလပ် အိုဗီဒိုအသင်းသည် အသင်း နည်းပြ လူးဝစ်ကယ်ရီအွန်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အိုဗီဒိုအသင်းသည် စပိန်လာလီဂါပွဲစဉ် ၁၆ပွဲကစားအပြီးတွင် ရမှတ် ၁၀မှတ်ဖြင့် အဆင့် ၁၉နေရာတွင် ရပ်တည်ပြီး ရလဒ်များဆိုးရွားခြင်းကြောင့် နည်းပြ လူးဝစ်ကယ်ရီအွန်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့သည်။

**(အောက်ပုံ)**

နည်းပြ လူးဝစ်ကယ်ရီအွန်



သည် အိုဗီဒိုအသင်းအား ၂၀၂၅ ခုနှစ် အောက်တိုဘာ ၉ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ကိုးပွဲတွင် တစ်ပွဲမျှနိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိသောကြောင့် ရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

အိုဗီဒိုအသင်းထုတ်ပြန်ချက်တွင် "နည်းပြ လူးဝစ်ကယ်ရီအွန်ကို ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(NGB)**

## ဂါနာဘရီကို စာချုပ်သက်တမ်းတိုးရန် ဘိုင်ယန်မြူးနစ်အသင်း စီစဉ်

**မြူးနစ် ဒီဇင်ဘာ ၁၈**

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်း တိုက်စစ်မှူး ဂါနာဘရီကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၃၀)အရွယ်ရှိ တိုက်စစ်မှူးသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၀၃ ပွဲ ကစားပြီး ၉၈ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းထုတ်ပြန်ချက်တွင် "ဂါနာဘရီကို စာချုပ်သက်တမ်းတိုးရန် စီစဉ်



နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်က အသင်းမှာပဲ ပျော်ရွှင်နေပါတယ်။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်ထားသည်။ **(အပေါ်ပုံ) (NGB)**

## အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ်နှင့် ချန်ပီယံလိဂ် ချန်ပီယံဆု ရယူနိုင်ရန် ရေပန်းစား



**လန်ဒန် ဒီဇင်ဘာ ၁၈**

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ချန်ပီယံဆုအပြင်၊ ချန်ပီယံလိဂ် ချန်ပီယံဆုပါ ရယူနိုင်မည်ဖြစ်ကြောင်း ရေပန်းစားလျက်ရှိသည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၆ ပွဲ ကစားအပြီးတွင် ရမှတ် ၃၆ မှတ်ဖြင့် အဆင့်တစ်နေရာတွင် ရပ်တည်ခဲ့သလို၊ ချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ်တွင်လည်း ခြောက်ပွဲကစားပြီး ရာနှုန်းပြည့် အနိုင်ရယူထားနိုင်ခဲ့သည်။ **(အပေါ်ပုံ)**

အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ် ချန်ပီယံဆုကို ၂၀၀၃-၂၀၀၄ ဘောလုံးရာသီတွင် နောက်ဆုံးရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ချန်ပီယံလိဂ် ချန်ပီယံဆုကို တစ်ကြိမ်မျှ ရယူထားနိုင်ခြင်းမရှိသေးပေမယ့် ယခုနှစ်ဘောလုံးရာသီတွင် အသင်းလိုက်စုဖွဲ့မှု အားကောင်းကောင်းဖြင့် ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုလို ရေပန်းစားလာခြင်းဖြစ်သည်။

အာဆင်နယ်အသင်းအနေဖြင့် လက်ရှိ ရေပန်းစားနေသည့်အတိုင်းပရီးမီးယားလိဂ်ချန်ပီယံဆုနှင့် ချန်ပီယံလိဂ် ချန်ပီယံဆုကြီးကို ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၀-၁၂-၂၀၂၅ | (၁၉)ဆွမ်ဆီး - | ဝက်ရဟမ်း(၁၅) | ------ |
| နံနက်၀၂း၃၀နာရီ | (L,L,W,W,L) | (W,D,D,L,D) | |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၀-၁၂-၂၀၂၅ | (၁၇)ဗလင်စီယာ - | မာယော့ကာ(၁၄) | ဗလင်စီယာ ၁-၀ မာယော့ကာ |
| နံနက်၀၂း၃၀နာရီ | (D,W,D,L,W) | (D,W,D,W,L) | မာယော့ကာ ၂-၁ ဗလင်စီယာ |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၀-၁၂-၂၀၂၅ | (၃)ဒေါ့မွန် - | ဂလာဘတ်(၁၁) | ဒေါ့မွန် ၃-၂ ဂလာဘတ် |
| နံနက် ၂း၀၀နာရီ | (W,L,W,D,D) | (W,D,L,W,L) | ဂလာဘတ် ၁-၁ ဒေါ့မွန် |

### ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ (ဆီမီးဖိုင်နယ်)ပွဲစဉ် နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | |
|---|---|---|---|
| ၂၀-၁၂-၂၀၂၅ | နံနက်၀၁း၃၀နာရီ | ဘိုလော့ဂ်နာ - | အင်တာမီလန် |
| စနေနေ့ | | (စီးရီးအေ-၆) | (စီးရီးအေ-၁) |



## (၃၇)ကြိမ်မြောက် ဆန်၊ဆီ၊ ကြက်ဥနှင့် အခြားအသုံးဆောင်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၁၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၁)ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုစာရင်းရှိ အိမ်ထောင်စုဇယားပေါက်ပြီး ဆင်းရဲချို့တဲ့သည့် မိဘပြည်သူများအား (၃၇)ကြိမ်မြောက်အဖြစ် ဆန်၊ ဆီ၊ ကြက်ဥ၊ ကြက်သွန်၊ ဆေးဝါးစသည့်အခြားအသုံးဆောင်ပစ္စည်းများနှင့် ငွေသားများကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက မဟာမြိုင်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးမောင်မောင်က ရပ်ကွက်နေပြည်သူများအား စားဝတ်နေရေး အထောက်အကူပြုစေရန် ရည်ရွယ်၍ ထောက်ပံ့လှူဒါန်းပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဆင်းရဲချို့တဲ့သည့် ရပ်ကွက်အတွင်းရှိ မိဘပြည်သူ အိမ်ထောင်စု (၄၀)အား အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်ပြည်၊ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ခေါင်းလျှော်ရည် ၁၂ ထုပ်၊ ဆပ်ပြာမှုန့်တစ်ထုပ်၊ ဆပ်ပြာခဲတစ်ခဲ၊ ဒေါင်းသူရိန် ချောင်းဆိုးပျောက်ဆေး၊ သွေးကျဆေးနှင့် အသက်(၈၀)နှစ်အထက် အဘိုး အဘွား ၁၇ ဦးကို တစ်ဦးလျှင် ငွေကျပ် တစ်သောင်းတိတိအား ထောက်ပံ့လှူဒါန်းပြီး လစဉ် အိမ်ထောင်စုများအား အလှည့်ကျပေးအပ်ထောက်ပံ့လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၆)

## မဲရင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ပွင့်ဖြူ ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကုန်းကျေးရွာအုပ်စု၊ မဲရင်းကျေးရွာ၌ (၁၁)ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဒီဇင်ဘာ ၁၆ ရက်က အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဋ္ဌေးမောင်က မဲရင်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် စီမံကိန်းအသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့်အချက်များနှင့် စီမံကိန်းလက်စွဲစာစောင်ပါလိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ စီမံကိန်းချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ချေးငွေပြန်လည်ပေးဆပ်ရမည့် အတိုးနှုန်းထားများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မဲရင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆက်လက်လည်ပတ်ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၃၄ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၀ ဦးကို ငွေကျပ် ၂၀ ဒသမ ၇ သန်း၊ စုစုပေါင်း စီမံကိန်းအသင်းသား၊ အသင်းသူ ၉၈ ဦးကို ရန်ပုံငွေကျပ် ၅၅ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)



## ကျေးရွာအုပ်စုခုနစ်အုပ်စု၌ ဆောင်းသီးနှံမျိုးစုံ ၉၇၈ ဧက စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်တိုက်နယ်(၁)အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စု၌ ဆောင်းသီးနှံမျိုးစုံ ၉၇၈ ဧက စိုက်ပျိုးပြီး ဖြစ်သည်။

ဆောင်းသီးနှံမျိုးစုံစိုက်ပျိုးရာ၌ ပန်းခွာကျေးရွာအုပ်စု၌ မြေပဲ ၁၅ ဧက၊ နေကြာ ၂၅ ဧက၊ ပဲတီစိမ်း ၂၃ ဧက၊ ကုလားပဲ ၃၁ ဧက၊ ကြက်သွန်နီ ၃၇ ဧက၊ ကျီးပြကျေးရွာအုပ်စု၌ မြေပဲ ၁၅ ဧက၊ နေကြာ ဧက ၄၀၊ ပဲတီစိမ်း ၄၂ ဧက၊ ကုလားပဲ ၄၂ ဧက၊ ကြက်သွန်နီ ၅၁ ဧက၊ သင်ပျို ကျေးရွာအုပ်စု၌ နေကြာ ၃၉ ဧက၊ ပဲတီစိမ်း ၃၁ ဧက၊ ကုလားပဲ ၄၉ ဧက၊ ကြက်သွန်နီ ၄၃ ဧက၊ ကျီးအိပ်ကျေးရွာအုပ်စု၌ နေကြာ ၈၂ ဧက၊ ပဲတီစိမ်း ၂၇ ဧက၊ ကုလားပဲ ၈၁ ဧက၊ ကြက်သွန်နီ ၃၉ ဧက၊ ဒွေးလှကျေးရွာ၌ နေကြာ ၂၈ ဧက၊ ပဲတီစိမ်း ၂၉ ဧက၊ ကုလားပဲ ၁၇ ဧက၊ ငါးဆူကျေးရွာအုပ်စု၌ နေကြာ ၁၉ဧက၊ ပဲတီစိမ်း ၃၅ ဧက၊ ကုလားပဲ ၁၂ ဧက၊ ကြက်သွန် နှစ်ဧက၊ ရှားပင်ကျေးရွာအုပ်စု၌ နေကြာ ၃၁ ဧက၊ ပဲတီစိမ်း ၃၃ ဧက၊ ကုလားပဲ ၃၅ ဧက၊ ကြက်သွန် ၁၅ ဧက၊ စုစုပေါင်း ၉၇၈ ဧက ဖြစ်သည်။

မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့မှ တောင်သူများနှင့်ပူးပေါင်း၍ လျာထားဆောင်းသီးနှံများ ပြည့်မီစိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသနှင့် ကိုက်ညီသည့်မျိုးများ ဖြန့်ဝေခြင်း၊ မြေအမျိုးအစားနှင့် ဒေသအလိုက် စိုက်ပျိုးချိန်၊ စိုက်နည်းစနစ်များစသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၈၅)

## ဆည်ရေ၊ ကန်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံစိုက်ဧက ၈၉၀ စိုက်ပျိုးသွားမည်

**မိတ္ထီလာ ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ဆည်ရေကန်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံ စိုက်ဧက ၈၉၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိတ္ထီလာကန်၊ မုန်တိုင်ဆည်၊ ချောင်းကောက်ဆည်ရေများဖြင့် နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုး ဧက ၈၉၀ စိုက်ပျိုးသွားရန် လျာထားခဲ့ပြီး ၎င်းလျာထားချက်ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံစိုက်ပျိုးရေးတောင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိတ္ထီလာကန်ရေဖြင့် ထမုန်ကန်ကျေးရွာအုပ်စုတွင် နွေစပါးစိုက်ဧက ၁၉၀၊ ညောင်ကိုင်းကျေးရွာအုပ်စုတွင် ဧက ၅၀၊ ခင်လူးကျေးရွာအုပ်စုတွင် ဧက ၅၀၊ လျှော်ဖြူကန် ကျေးရွာအုပ်စုတွင် ဧက ၂၀၀၊ ကဖြူကျေးရွာအုပ်စုတွင် ဧက ၁၀၀နှင့် မိုးကြို၀ါ စိုက်ပျိုးဧက ၅၀၊ မုန်တိုင်ဆည်ရေဖြင့် မုန်တိုင်ကျေးရွာအုပ်စုတွင် နွေစပါးစိုက်ဧက ၅၅ဧက၊ သီးကုန်းကျေးရွာအုပ်စုတွင် ၉၅ ဧကနှင့် ချောင်းကောက်ဆည်ရေဖြင့် မြာကျေးရွာအုပ်စုတွင် ဧက ၁၀၀ တို့ကို စိုက်ပျိုးသွားရန် သတ်မှတ်လျာထားကြောင်း သိရ သည်။

(အောက်ပုံ)

(၄၆၉)

၀-၀-၀-၀-၀-၀



**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။**

## အမရပူရမြို့နယ်၌ မြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၁၈**



မန္တလေး၊ အမရပူရမြို့နယ်၌ မြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများပူးပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အမရပူရမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးဦးနှင့် ဝန်ထမ်းများ၊ သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများက ရန်ကုန်-မန္တလေးလမ်းမကြီးဘေးရှိ ယန္တရား အ·ထ·ကကျောင်းရှေ့ရှိ လမ်းဘေးဝဲ၊ ယာအမှိုက်များ ရှင်းလင်းခြင်း၊ မှန်တန်းရပ်ကွက်ရှိ ရွှေတချောင်းမြောင်းအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များနှင့် နွံများ ဆယ်ယူခြင်း၊ စစ်ကိုင်း- မန္တလေးလမ်း လမ်းဘေးဝဲ၊ ယာ တောင်သမန်ကန်ပတ်လမ်းနှင့် စစ်ကိုင်း-မန္တလေးလမ်း ကွက်သစ်မီးပွိုင့်အနီးရှိ လမ်းဘေးဝဲ၊ ယာတို့တွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၈၄)

**မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ပျဉ်ထောင်ကျေးရွာအုပ်စု မဲရုံနှင့်ပတ်ဝန်းကျင်နေအိမ်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဒုဦးစီးမှူး ဦးဖြိုးမင်းသန့်နှင့်တပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်ခဲ့စဉ်။** (ကဆ)



## မြန်မာနိုင်ငံမှ EU နိုင်ငံများသို့ ဆန်တင်ပို့ရန် စာချုပ် ချုပ်ဆိုပြီးပြီဟုဆို

**မန္တလေး ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံမှ EU နိုင်ငံများသို့ ဆန်တင်ပို့ရောင်းချနိုင်ရေးအတွက် စာချုပ် ချုပ်ဆိုပြီးပြီဖြစ်ရာ လာမည့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် တင်ပို့သွားမည်ဟု မြန်မာနိုင်ငံဆန်စပါးထုတ်လုပ်သူများအသင်းမှ သိရသည်။

တင်ပို့ရောင်းချမည့် ဆန်များမှာ ၆ ဒသမ ၂၂ မီလီမီတာအရှည် အစား ပေါင်းဆန်အသွယ်နှင့် ငါးမှတ်ဆန်ဖြူများဖြစ်သည်ဟု အသင်းဥက္ကဋ္ဌက ပြောသည်။

စပါးစိုက်တောင်သူတွေအနေနဲ့ ဈေးကွက်ရရှိပြီဖြစ်တဲ့အတွက် အတွက်နှုန်းကောင်းပြီး အသွယ်ဧည့်မထတွေကို နွေစပါးအတွက် ယုံယုံကြည်ကြည်နဲ့ စိုက်ပျိုးကြပါလို့ တိုက်တွန်းချင်ပါတယ်။ ဆန်အဝယ် တစ်နှစ်ပိတ်ထားတဲ့ ဖိလစ်ပိုင်နိုင်ငံကလည်း လာမယ့်နှစ်ဆန်းပိုင်းကစတင်ပြီး ဆန်တန်ချိန် သုံးသန်းဝန်းကျင် ဝယ်ယူသွားမယ်ဆိုတာ သိရတယ်ဟု ၎င်းက ပြောသည်။

လက်ရှိတွင် တရုတ်နိုင်ငံမှ သုခဆန်နှင့် ကရင်မဆန်အမျိုးအစားများကိုသာ ဝယ်ယူနေပြီး နွေစပါးအဖြစ် ထွက်ရှိလာမည့် ဧည့်မထအသွယ် စပါးများကို ဝယ်ယူမည်ဖြစ်သည့်အတွက် စပါးစိုက်တောင်သူများအနေဖြင့် နွေစပါး ဈေးကွက်ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် နိုဝင်ဘာလတွင် ငါးမှတ်ဆန် နှင့် ၁၀မှတ်ဆန် တန်ချိန် ရှစ်သိန်းကျော်နှင့် ပေါင်းဆန်မှာ တန်ချိန်သုံးသောင်းကျော် တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်က ထုတ်ပြန်ထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀-၀-၀-၀



## ၂၀၂၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲကို ကြိုဆိုသောအားဖြင့် YMBA အသင်းမှ သွေးလှူဒါန်းခြင်းနှင့် ရွေးကောက်ပွဲအထောက်အကူပြုစာအုပ်များ လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၁၈**

၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး YMBA အသင်းမှ သွေးလှူဒါန်းခြင်းနှင့် မန္တလေး တက္ကသိုလ်အပါအဝင် တက္ကသိုလ်ခုနစ်ခုသို့ ရွေးကောက်ပွဲအထောက်အကူပြု စာအုပ်များ လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ အဆိုပါအသင်းဝင်များက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ သွေးလှူဘဏ်တွင် အသင်းဝင် ၁၀၅ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး သွေးလှူဘဏ်မှ တာဝန်ရှိသူတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ကြသည်။

"ရည်ရွယ်ချက်ကတော့ ၂၀၂၅ ပါတီစုံ အထွေထွေရွေးကောက်ပွဲကို ကြိုဆိုထောက်ခံသောအားဖြင့် YMBA အသင်းသူ သင်းသားတွေနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေပူးပေါင်းပြီး မန္တလေး သွေးလှူဘဏ်မှာ သွေးလှူဒါန်းပါတယ်။ အဲဒါပြီးရင် မန္တလေး တက္ကသိုလ်အပါအဝင် တက္ကသိုလ်ခုနစ်ခုက စာကြည့်တိုက်တွေအတွက် ရွေးကောက်ပွဲနဲ့ သက်ဆိုင်တဲ့စာအုပ်တွေရယ်၊ အခြားစာအုပ်တွေလှူဒါန်းခဲ့ကြပါတယ်။ နိုင်ငံတော်ကို စီမံအုပ်ချုပ်မည့် အစိုးရကို ရွေးချယ်ခွင့်ရတာဖြစ်လို့ ပြည်သူများအနေနဲ့ လူကောင်းလူတော်များကို စုပေါင်းရွေးချယ်ရန်လိုပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး YMBA အသင်း ဥက္ကဋ္ဌ ဦးကြည်စိန်က ပြောသည်။

ဆက်လက်၍ မန္တလေး တက္ကသိုလ် URC အစည်းအဝေးခန်းမတွင် ရွေးကောက်ပွဲအထောက်အကူပြုစာအုပ်များကို မန္တလေးတိုင်းဒေသကြီး YMBA အသင်းဥက္ကဋ္ဌ ဦးကြည်စိန်နှင့် တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်ဝေတို့က ပေးအပ်လှူဒါန်းကြရာ မန္တလေးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာရီရီချိုနှင့် မန္တလေးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာမေသွယ်အေးတို့က လက်ခံရယူခဲ့ပြီး မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မာရီက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀-၀-၀-၀

# ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်

## ဟိုင်းလတ်(Hilux )မော်တော်ယာဉ်များ EV လောကထဲ ရောက်လာပြီ

မြန်မာတို့ အကြိုက်များပြီး သုံးစွဲကြတဲ့ ဟိုင်းလတ်(Hilux) မော်တော်ယာဉ်များက EV လောကထဲ ဝင်ရောက်လာပြီဖြစ်ပါတယ်။ တစ်ချိန်က ခေါင်မိုးမပါ၊ ကားနောက်ကနေ တွဲလောင်းခိုပြီး မြန်မာတွေ စီးခဲ့ကြတဲ့ ဟိုင်းလတ်ကားတွေက ပြည်တွင်းမှာ တစ်ခေတ်ဆန်းခဲ့တယ်။ လူသုံးများခဲ့တယ်။ ၂၀၁၄ခုနှစ်မှာ ကန့်သတ်မှုတွေလုပ်ခဲ့တာကြောင့် လမ်းမများပေါ်ကနေ ပျောက်ကွယ်သွားခဲ့တယ်။




Hilux u Generation ကိုးခုမြောက်ရှိလာပြီဖြစ်ပြီး Powertrain များများစားစား ပြောင်းခဲ့ဖူးတာမရှိပေမယ့် 2026 Model မှာ B-EV Powertrain ကတော့ ပထမဆုံးအနေနဲ့ ၂၀၂၆ ခုနှစ်မှာ EV လောကထဲစပြီး ဝင်ရောက်လာတာပါ။ Hilux 2026 Design ကိုကြည့်ရင် ပြောင်းလဲမှုတွေ ရှိလာပြီး Design ပိုင်းမှာ ပိုပြီး ဆွဲဆောင်ထားပါတယ်။

အတွင်းပိုင်းဘက်က လူတွေ လိုက်ပါ စီးနင်းမယ့်နေရာမှာ Land Cruiser ရဲ့ Interior ကို အခြေခံယူထားပြီး လေးထောင့်ဆန်တဲ့ Design၊ ခေတ်မီပြီး ကြီးမားတဲ့Display ထည့်ပေးထားတဲ့ အပြင် Speedometer ကလည်း Fully Digital ဖြစ်ပါတယ်။EV Version ကတော့ 59.2- kwh Lithiumion Battery ကို သုံးထားပေးထားပါတယ်။ Dual Motor Setup ဖြစ်သွားပြီးတော့ ၁၄၉ miles (249 kilometers WLTP Range အထိရမယ်လို့ သိရပြီး 115 miles လောက်ထိ ခရီးရပါတယ်။ ဒါဆိုရင် EV Hilux ရဲ့မြန်မာပြည်ဈေးကွက်ကို စောင့်ကြည့်ရမှာပါ။ATK

## ကမ္ဘာမှာ စက်ရုပ်အများဆုံးပိုင်ဆိုင်ထားတဲ့ တရုတ်



၂၀၂၄ ခုနှစ်ကစပြီး စက်ရုပ်နှစ်ရုပ်ထဲက တစ်ရုပ်မှာ တရုတ်နိုင်ငံကဖြစ်နေတာကြောင့် ကမ္ဘာမှာတရုတ်က စက်မှုလုပ်ငန်း သုံးစက်ရုပ်အများဆုံးပိုင်ဆိုင်ထားတယ်လို့ ပြောရမှာပါ။ အဲ့ဒီအရေအတွက်က ကမ္ဘာ့နိုင်ငံပေါင်းစုံရဲ့ စက်ရုပ်တပ်ဆင်မှုအားလုံးကို ပေါင်းလိုက်တာထက်တောင် ပိုများနေပါတယ်။ ခုဆိုရင် တရုတ်နိုင်ငံက စက်ရုံတွေမှာ စက်ရုပ်လုပ်သားပေါင်း နှစ်သန်းလောက်က ၂၄ နာရီပတ်လုံး အလုပ် လုပ်နေကြပါတယ်။

ဘာကြောင့်ခုလိုများရသလဲဆိုတော့ တရုတ်နိုင်ငံရဲ့လူဦးရေက ကျဆင်းနေပြီး လုပ်သားအင်အားလျော့နည်းလာနေတာရယ်၊ လူတွေရဲ့ ထပ်တလဲလဲလုပ်ရတဲ့ ငြီးငွေ့စရာ အလုပ်တွေကို စက်ရုပ်တွေနဲ့ အစားထိုးဖို့ နည်းလမ်းရှိတာကြောင့် ဖြစ်ပါတယ်။ဒါပေမဲ့ ဒီပြဿနာကို စက်ရုပ်နဲ့ ဖြေရှင်းလိုက်ပေမယ့် နောက်ထပ် စိန်ခေါ်မှုအသစ်တွေ ရှိလာတာက စက်ရုပ်တွေကို ထိန်းချုပ်ဖို့၊ ပြုပြင်ဖို့ Program ရေးဆွဲမယ့် လူတွေ ပြတ်လပ် လာတာပါ။

ခန့်မှန်းချက်အရဆိုရင် ၂၀၃၀ ပြည့်နှစ်မှာ တရုတ်နိုင်ငံက အဲ့ဒီလို နည်းပညာကျွမ်းကျင်တဲ့ လုပ်သား သန်း ၅၀ လောက် လိုအပ်လာမယ်လို့ ဆိုပါတယ်။ စက်ရုပ်တွေ ဘယ်လိုအလုပ် လုပ်ရမလဲဆိုတာProgram ထည့်သွင်းခိုင်းစေရမှာနဲ့ ချို့ယွင်းချက်ရှိလာရင် ပြုပြင်ဖို့မှာ နည်းပညာကျွမ်းကျင်တဲ့ လူသားတွေ လိုအပ်လာပြန်ပါတယ်။

**ATK**

**0-0-0-0-0-0-0**

## ရေအောက်က အင်တာနက် ကေဘယ်လ်တွေ ပျက်ရင် ဘယ်လိုပြင်သလဲ



ပထမဆုံးအချက်ကတော့ ရေအောက်မှာရှိတဲ့ အင်တာနက်ကေဘယ်လ် (Fiber Optic Cable )တွေ ပျက်ရင် ဘယ်လိုသိနိုင်မလဲဆိုတာပါပဲ။ ဒါတွေကို လူတွေကရေထဲဆင်းပြီး စောင့်ကြည့်လို့ မဖြစ်နိုင်ပါဘူး။ တကယ်တော့ ရေအောက်ကFiber Optic Cable ထဲမှာအလင်း ( Light Signal)သုံးပြီး ပျက်တဲ့နေရာကို သိအောင်လုပ်တာ ဖြစ်ပါတယ်။

ပျက်တဲ့နေရာသိဖို့ အလင်းတစ်ခုလွှတ်လိုက်ပြီး ပြန်လာချိန် (Echo Reflection)နဲ့ ပျက်စီးတဲ့နေရာကို ရှာဖွေပါတယ်။ဒီနည်းကို Optical Time Domain Reflectometry (OTDR) လို့ ခေါ်ပါတယ်။ Fiber Optic Cable တွေက ရှည်လျားလွန်းတာကြောင့် Repeater(သို့မဟုတ်) Signal Booster wG တပ်ထားပါတယ်။ အဲ့ဒီ Repeater တစ်ခုချင်းစီက Signal ကောင်းအောင် လုပ်ပေးတော့ Signal မရတော့ဘူးဆိုရင် ကေဘယ်လ်ပျက်တဲ့နေရာကို ခန့်မှန်းနိုင်ပါတယ်။

နောက်တစ်ခုစစ်ဆေးတဲ့နည်းက ကေဘယ်လ်ကြိုးတွေမှာ သတ်မှတ်ထားတဲ့ Voltage လွှတ်ပေးလိုက်ပြီး အဲဒီအပြောင်းအလဲပေါ်မူတည်ပြီး ပြဿနာဖြစ်ပေါ်မှုကို ရှာဖွေနိုင်ပါတယ်။ ရေအောက်ကေဘယ်လ် (Fiber Optic Cable)တွေ ပျက်စီးရတဲ့အကြောင်းမှာ ရေအောက်ကငမန်းတွေကြောင့်ရယ်၊ ရေအောက်ငလျင်၊ ရာသီဥတုပြင်းထန်မှုနဲ့ လူ့ပယောဂ စတာတွေကြောင့်ဖြစ်တယ်လို့ ဆိုပါတယ်။ ATK

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**နတ်မောက် ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၌ အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး(၁၆)ရက်တာ လှုပ်ရှားမှု အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက နတ်မောက်မြို့ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးစိုးက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ အသိပညာပေး အကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲအုပ်နီလာထွန်းက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ပြစ်မှု၊ ပြစ်ဒဏ်များအား ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရင်မိုးက ကျား၊ မ အခြေပြု အကြမ်းဖက်မှု၊ အကြမ်းဖက်မှုအမျိုးအစားများ၊ အများဆုံးဖြစ်ပွားတတ်သည့် အကြမ်းဖက်မှုများ၊ အကြမ်းဖက်မှုအကျိုးဆက်များ၊ ကျား၊ မအခြေပြု အကြမ်းဖက်မှုဖြစ်ပွားပါက တိုင်ကြားနိုင်သည့်နည်းလမ်းများ စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။



အဆိုပါ အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ဥပဒေအရာရှိ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၆၅)



## ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော နို့နှင့် နို့ထွက်ပစ္စည်းများအား စစ်ဆေးခြင်း ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ဆင်ပေါင်ဝဲမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနက ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော နို့နှင့်နို့ထွက်ပစ္စည်းများအား စစ်ဆေးခြင်းကို ယမန်နေ့နံနက် ၈ နာရီက မြို့ပေါ်ကုန်စုံဆိုင်များတွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ် စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးစီးမှူး ဦးနိုင်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစည်သူကျော်နှင့်ဝန်ထမ်းများ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဈေးကွက်အတွင်း ရောင်းချနေသော နို့နှင့် နို့ထွက်ပစ္စည်းများတွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာဖော်ပြထားခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ရောင်းချသည့်ဈေးနှုန်းများ စစ်ဆေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့ မော်တော်ယာဉ်ငါးစီး ဖမ်းဆီးအရေးယူ

**စစ်ကိုင်း ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်ငါးစီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၁ ရက် နံနက် ၆ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဇင်ကျေးရွာကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ပင်လုံရပ်ကွက်နေ ဇော်မြင့်ရှိန်(၃၆)နှစ်ဆိုသူ မောင်းနှင်သည့် MITSUBISHI RVR မော်တော်ယာဉ်၊ ဒေါ်ခိုင်သင်း(၃၆)နှစ်ဆိုသူ မောင်းနှင်သည့် HONDA IN SIGHT မော်တော်ယာဉ်၊ ကလေးမြို့နယ်၊ ချမ်းမြအောင်စည်ရပ်ကွက်နေ ထွန်းဝေအောင်(၃၂)နှစ်ဆိုသူ မောင်းနှင်လာသည့် HONDA FIT မော်တော်ယာဉ်နှင့် ကချင်ပြည်နယ်၊ နမ္မတူမြို့နယ်၊ ဘော်တွင်းကျေးရွာနေ အောင်ကိုလတ်(ခ)ဝင်းကိုလတ်(၄၇)နှစ်ဆိုသူ မောင်းနှင်သည့် PAJERO မော်တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်များနှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဇော်မြင့်ရှိန်၊ ဒေါ်ခိုင်သင်း၊ ထွန်းဝေအောင်၊ အောင်ကိုလတ်(ခ)ဝင်းကိုလတ်ဆိုသူတို့အား စစ်ကိုင်းနယ်မြေရဲစခန်းတွင် ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း၊ အလားတူ မွန်းလွဲ ၃ နာရီတွင် စစ်ကိုင်းမြို့နယ်၊ တကောင်းရပ်ကွက်ရှိ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ကိုင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေးမှ မုံရွာမြို့ဘက်သို့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သရက်တပင်ကျေးရွာနေ မင်းနိုင်(၄၉)နှစ်ဆိုသူ မောင်းနှင်သည့် HONDA ODYSSEY မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မင်းနိုင်ဆိုသူအား စစ်ကိုင်းမြို့မရဲစခန်းတွင် ပို့ကုန်သွင်းကုန်ဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်သူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူ

**လားရှိုး ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်သူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ သီရိမဟာရပ်ကွက်နေ ဒေါ်ဖြူဖြူဝင်း(၄၆)နှစ်ဆိုသူ၏ နေအိမ်၌ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ လားရှိုးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား နေအိမ်ဈေးဆိုင်အတွင်းမှ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဒေါ်ဖြူဖြူဝင်းဆိုသူအား လားရှိုးမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(အပေါ်ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ပငကျေးရွာ၌ နေအိမ် မီးလောင်မှုဖြစ်ပွား

**သံဖြူဇရပ် ဒီဇင်ဘာ ၁၈**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက် နံနက် ၇ နာရီခွဲခန့်က မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ပငကျေးရွာရှိ ပေ၂၀×၃၀ သွပ်မိုး၊ အုတ်ညှပ်၊ ပျဉ်ခင်းနှစ်ထပ်နေအိမ်အပေါ်ထပ်၌ ခြင်ဆေးခွေထွန်းထားရာမှ အနီးရှိ မွေ့ရာသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် သံဖြူဇရပ်မြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ငါးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၇ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ပေ၂၀×၃၀၊ သွပ်မိုး၊ အုတ်ညှပ်၊ ပျဉ်ခင်းနှစ်ထပ် နေအိမ်အပေါ်ထပ် မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင်အား သံဖြူဇရပ်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြော

**မန္တလေး ဒီဇင်ဘာ ၁၈**

အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်ရှိ မဟာလောကအောင်မြေမွှာရုံ၌ မြို့နယ်အတွင်းမီးလောင်မှုနှင့် မီးလန့်မှုများ လျော့နည်းကျဆင်းလာစေရေးအတွက် မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက် ဦးစီး၍ သန္တေတပ်ဖွဲ့ဝင် ခုနစ်ဦး၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲ(၂)မှ ဒုတိယအရန်မီးသတ်တပ်ခွဲမှူး တင်မျိုးဦး ဦးစီး၍ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ဦး၊ အောင်မြေသာစံရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းတင်နှင့် ရာအိမ်မှူးများ၊ ရပ်ကွက်အတွင်းရှိ မဲရုံပတ်ဝန်းကျင်နေပြည်သူများ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူးက မီးဘေးလုံခြုံရေးဆိုင်ရာများ ဆွေးနွေးဟောပြောခဲ့ပြီး တက်ရောက်လာသူများကို မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းနှင့် မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၄)

## စာအုပ်ခင်းကဏ္ဍ

| | |
|---|---|
| စာအုပ်အမည် | - ချင်းတွင်းဂုဏ်ရည်မဂ္ဂဇင်း |
| စာရေးသူ | - ကလောင်စုံ |
| ထုတ်ဝေသည့်စာပေတိုက် | - မုံရွာမြို့နယ် စာရေးဆရာအသင်း |
| တန်ဖိုး | - ၇၀၀၀ ကျပ် |
| စာမျက်နှာ | - ၁၂၀ မျက်နှာ |
| မျက်နှာဖုံးဒီဇိုင်း | - ဝင်းလွင်(ပန်းဝတ်ရည်) |
| မျက်နှာဖုံးရှင် | - ဆုလဲ့စံ |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ |

အမှတ်စဉ်(၁၉)အထိ ထွက်ရှိလာသော နှစ်စဉ်ပုံမှန်ထုတ်မဂ္ဂဇင်းဖြစ်ပြီး မုံရွာမြို့နယ်မှ ကလောင်အားကောင်းကောင်းဖြင့် ထုတ်ဝေဖြန့်ချိသည်။ အဖွင့်ကဗျာတွင် ငွေးသစ်လွင်(ပရိမ္မ)၊ အမောင်ငယ်(ချင်းတွင်း)၊ နေမင်းသန်း(မဲခေါင်စာပေဆုရ)၊ အနွဲ့(ရွှေဘို)၊ ရွှေမင်းသား(စစ်ကိုင်း)၊ ဖေသိန်းဦး(မုံရွာ)၊ ချစ်စုအောင်၊ မင်းသွေးနွယ်(ဇီးကုန်း)၊ အိမ်တင်အေး(ပုလဲ)၊ မောင်ငြိမ်းရည်(မင်းကင်း)၊ မောင်နေညို(ပုလဲ)၊ ဖိုးသာအောင်(ဆားလင်းကြီး)တို့ပါရှိပြီး ဆောင်းပါး၊ ရသအက်ဆေး၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ရသကဗျာတို့အကြောင်း အရာစုံ၊ ကဏ္ဍစုံဖော်ပြပါရှိသည်။




အတိုင်ပင်ခံစာတည်း နေမင်းသန်း၊ ခြိမ့်သဲ၊ ရွှေရည်စိုး၊ စာတည်းချုပ်မောင်စိန်လွင် (မင်းကင်း)၊ တာဝန်ခံစာတည်း ရှဉ့်ညိုလေး၊ အမှုဆောင်စာတည်း ဖေသိန်းဦး(မုံရွာ)၊ မောင်နေညို(ပုလဲ)၊ အောင်မြသိန်း(အုတ်ကျင်း)တို့၏ ပိုင်းဝန်းစွမ်းဆောင်မှုနှင့်အတူ စာအုပ်အပြင်အဆင် ဒီဇိုင်းကိုတူး(ရွှေရတီ)၊ သရုပ်ဖော်ပန်းချီခင်မောင်ညိုတို့၏လက်ရာဖြင့် ဖတ်ရှုရမည့်စာအုပ်ဖြစ်ရာ မုံရွာ၊ စစ်ကိုင်း၊ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - မြစ်ကြီးနားလွင်ပြင်၊ တာလောကြီး၊ ဆင်ဘိုခရီးစဉ် |
| စာရေးသူ | - မေမြို့ဆွေလင်း |
| ထုတ်ဝေသည့်စာပေတိုက် | - စာစည်းစိမ်စာပေ |
| တန်ဖိုး | - ၂၅၀၀၀ ကျပ် |
| စာမျက်နှာ | - ၃၅၈ မျက်နှာ |
| မျက်နှာဖုံးဒီဇိုင်း | - မဈေးဟန် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာလ |

စာရေးသူ ဆရာမေမြို့ဆွေလင်း၏ အသက် ၈၀ ပြည့်နှင့် စာရေးသက် ၅၈ နှစ်မြောက် အထိမ်းအမှတ်အဖြစ် ထွက်ရှိလာသော ဒေသန္တရဖြစ်စဉ် ခရီးသွားမှတ်တမ်းစာအုပ်ကြီး ဖြစ်သည်။

စာအုပ်မှာ သုတ၊ ရသဟန်ဖြင့် ရေးဖွဲ့ထားပြီး နှစ်ကာလကြာမြင့်သည့် အဖြူ၊ အမည်းရှားပါးဓာတ်ပုံများ၊ လင်္ကာကဗျာများပါရှိသည့် ရှာဖြစ်စဉ် သမိုင်းစာအုပ်ကြီးလည်း ဖြစ်သည်။ စာအုပ်တွင် အပိုင်း(၅)ပိုင်း၊ အခန်းစဉ်(၂၈)အထိ ဖော်ပြထားကာ အပိုင်း(၁)တွင် "မြစ်ကြီးနားလွင်ပြင်"၊ အပိုင်း(၂)တွင် "တာလောကြီး"၊ အပိုင်း(၃)တွင် "ဆင်ဘိုခရီးစဉ်"၊ အပိုင်း(၄)တွင် "စာပေ၊ ဂီတ၊ သဘင်ယဉ်ကျေးမှုရေးရာ ထုံးဓလေ့အဖြာဖြာ"၊ အခန်း(၅)တွင် "နောက်ဆက်တွဲ" တို့ဖြစ်ပြီး အခန်းစဉ် (၂၈) ဖြင့် အဆုံးသတ်ထားသည်။

ခရီးသွားစာပေနှစ်သက်သူများ သဘောကျအကြိုက်တွေ့မည့် စာအုပ်ကောင်းဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။




## စာဖတ်ပိုင်းဆွေးနွေးပွဲ ကျင်းပ

**ကျောက်ဆည် ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ လူထုအခြေပြု ဗဟိုဌာနတွင် အမြဲမပြတ်လေ့လာသင်ယူရေး လှုပ်ရှားမှုအဖြစ် စာရေးဆရာမြသန်းတင့် ရေးသားသည့် "ဧကရီဖွားစော" စာအုပ်စာဖတ်ပိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရေးဦးစွာ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက စာဖတ်ပိုင်းများ ကျင်းပခြင်းဖြင့် ကောင်းမွန်သည့် စာကောင်းပေကောင်းများ ရွေးချယ်ဖတ်ရှုနိုင်ခြင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ သိရှိနိုင်ပြီး သမိုင်းသင်ခန်းစာများ ရရှိခြင်းစသည့် အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး မြစ်သားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ဆရာမြသန်းတင့်၏ ဘဝစာပေမှတ်တမ်းများ၊ ဧကရီဖွားစော စာအုပ်ဖြစ်ပေါ်လာပုံများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

*–*–*–*–*

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကွင်းဆင်းဆောင်ရွက်

**ဟိုပုံး ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအား အတတ်ပညာ သာမက အသိပညာဗဟုသုတများ ရှာမှီးနိုင်ရန်၊ စာဖတ်သည့်ဓလေ့၊ စာကြည့်တိုက်များသို့ သွားလာအသုံးချနိုင်မည့် အလေ့အကျင့်များဖြစ်လာစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့က လွယ်အွန့်ကျေးရွာအုပ်စု၊ နောင်တောင်းကျေးရွာရှိ နောင်တောင်း အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျင်းပခဲ့သည်။



အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချိုက ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တန်ဖိုးဖြတ်မရသည့် ရတနာများဖြစ်သဖြင့် စာပေဖတ်ရှုသည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေပြီး ငယ်စဉ်ကတည်းက စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိကာ စာပေချစ်မြတ်နိုးစိတ်များ ကိန်းအောင်းနေစေရန်အတွက် အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုခဲ့ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၃၆၈)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့လေး

## ပြာသိုမှာ ခွာညိုတွေ ပွင့်ရင်

* ပြာသိုလအချိန်ခါမို့
အေးမြတာ မကြောက်ပါဘု
အပြာနုရောင် ပန်းပွင့်တွေက
သူ့ဘဝရဲ့ အားမာန်ပါ ။

* တစ်ပင်လုံးမှာ ခွာညိုဖူးတွေနဲ့
လေအမြူးမှာ ယိမ်းနွဲ့ပါ
ထက်ဝက္ခာ နှင်းမှုန်ဖြာရင်တော့
ပြာသိုမှာ ခွာညိုတွေရဲ့ အလှဝေဖြာ ။

* နှင်းမှုန်ထဲမှာ ရန့်ဖြာ ပန်းခွာညိုတွေက
အလှပိုတစ်နွယ်လုံးမှာ ပွင့်လေတော့
လေအသော့မှာ ဘယ်ညာယိမ်းလို့ရယ်
ခူးဆွတ်ဖို့ကွယ်မဝံ့ရဲ ။

* မိုးအကုန်ဆောင်းအကူး
ပြာသိုဦးမှာ သူဖူးလို့
ရှင်မြူးကာ ဆောင်းကိုကြိုပြန်တော့
ပေါမန်မှာ ခွာညိုရနံ့သင်းလို့ရယ်
(အိုကွယ် ...)
စိတ်ဝယ်ရှင်လန်း ။ ။

ခိုင်ခန့်(အမရပူရ)



စာပေမြင့်မှ လူမျိုးတင့်မည်။

❖ အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးတို့၏ အသက်တမျှ အရေးကြီးထိန်းသိမ်းကြရမည့် အမွေအနှစ်များပင်ဖြစ်. . .

❖ အမျိုးသားယဉ်ကျေးမှု မြင့်မားလေလေ၊ နိုင်ငံနှင့်လူမျိုး၏ အဆင့်အတန်းသည်လည်း မြင့်မားလေလေဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်ဖြစ် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ပြုလုပ်သော (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီးနယ်မြေ) (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပညာရေးဝန်ကြီးဌာန ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီးနယ်မြေ)၏ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၅ သို့ ☆

## ဆီးဂိမ်းရွက်လှေပြိုင်ပွဲပြီးဆုံးခဲ့ပြီး မြန်မာရွက်လှေအဖွဲ့ ကြေးတံဆိပ်နှစ်ခုရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ဆီးဂိမ်း ရွက်လှေပြိုင်ပွဲ နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၁၈ ရက်က ဆက်လက်ကျင်းပရာ မြန်မာရွက်လှေအဖွဲ့က ကြေး တံဆိပ်တစ်ခု ထပ်မံရရှိပြီး ပြိုင်ပွဲအပြီးတွင် ကြေးတံဆိပ်နှစ်ခု ရရှိခဲ့သည်။

**ကြေးတံဆိပ်ဆုရယူနိုင်ခဲ့**

မြန်မာရွက်လှေအဖွဲ့အတွက် နောက်ဆုံးကြေးတံဆိပ်ဆုကို Mixed Keelboat SSL47 ပြိုင်ပွဲတွင် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး အိမ်ရှင်ထိုင်းက ရွှေတံဆိပ်၊ မလေးရှားက ငွေတံဆိပ်ရရှိခဲ့သည်။ မြန်မာရွက်လှေအဖွဲ့အတွက် ပထမကြေးတံဆိပ်ဆုကို Boy's ILCA4 အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ခွန်ထူးဦးက ရယူပေးခဲ့ခြင်းဖြစ်သည်။

ဆီးဂိမ်းရွက်လှေပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့ပြီး မြန်မာရွက်လှေအဖွဲ့သည် ရွှေဆုနှင့် လွဲချော်သော်လည်း ကြေးတံဆိပ်နှစ်ခု ရယူနိုင်ခဲ့သည်။

**သတင်း-မောင်စံကြီး**

**ဓာတ်ပုံ**-seagames 2025




## ၂၀၂၅ ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဗီယက်နမ်အသင်း ရွှေတံဆိပ်ဆု ဆွတ်ခူး




**ချောင်ဘူရီ ဒီဇင်ဘာ ၁၈**

၂၀၂၅ ဆီးဂိမ်း အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဗီယက်နမ်အသင်းက အိမ်ရှင် ထိုင်းအသင်းအား သုံးဂိုး၊ နှစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့ပြီး ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည်။

ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့သည် တစ်ဖက်နှင့် တစ်ဖက် အကြိတ်အနယ်ယှဉ်ပြိုင် ကစားခဲ့ကြပြီး ပွဲချိန် မိနစ် ၉၀ အထိ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ခြင်းကြောင့် အချိန်ပို ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရာ အချိန်ပိုတွင် ဗီယက်နမ်အသင်းက အနိုင်ဂိုး သွင်းယူပြီး သုံးဂိုး၊ နှစ်ဂိုးရလဒ်ဖြင့် ရွှေတံဆိပ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်အသင်းသည် နောက်ဆုံးလေးကြိမ်အတွင်း သုံးကြိမ်မြောက် ရွှေတံဆိပ်ဆု ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ထိုင်းအသင်းမှာမူ ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရပြီးနောက် လေးကြိမ်ဆက်တိုက် လွဲချော်ခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ဆီးဂိမ်း အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက ရွှေတံဆိပ်ဆု၊ ထိုင်းအသင်းက ဒုတိယ ငွေတံဆိပ်၊ မလေးရှားအသင်းက တတိယ ကြေးတံဆိပ်ဆုတို့ အသီးသီး ဆွတ်ခူးခဲ့ကြသည်။ **နိုင်ကမ္ဘာ**

## အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များထွက်ပေါ်

**လန်ဒန် ဒီဇင်ဘာ ၁၈**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား ဆီမီးဖိုင်နယ်အဆင့်တွင် နယူးကာဆယ်အသင်းနှင့် မန်စီးတီးအသင်း၊ ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်/ခရစ္စတယ်ပဲလေ့စ်အသင်းတွင် အနိုင်ရရှိခဲ့သည့်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံမည်ဖြစ်သည်။

အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား ဆီမီးဖိုင်နယ်ပွဲစဉ် ပထမအကျော့ကို လာမည့် ၂၀၂၆ခုနှစ် ဇန်နဝါရီ ၁၄ရက်နှင့် ဒုတိယအကျော့ကို ဖေဖော်ဝါရီ ၄ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

